www.burmeseclassic.com

News Feed

အကြည်တော် feeling crazy

8 minutes ago

# likes





10000 likes 1000c0mment

Like Comment Share

Status Photo Check In

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| အဖုံးဒီဇိုင်း | - ကိုဆန်း |
| ထုတ်ဝေသူ | - ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ဒေါ်ရွှေ (မြဲ - ၀၂၀၇၉) သုခပုံနှိပ်တိုက် အမှတ်(၁၄၈)၊ ၄၅-လမ်း(အထက်)၊ ဗိုလ်တထောင်။ |
| အတွင်းဖလင် | - ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - ကိုသန်းဋ္ဌေး |
| ပုံနှိပ်ခြင်း | - ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်။ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၈၀၀ ကျပ် |

အကြည်တော်
Like / အကြည်တော်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၄
၁၆၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ၊
(၁) Like




**Feeling** မျက်ခွက်တစ်ကွက် ကွက်ပြောင်

ရိုးရိုးလေးပဲပြောပြမယ်။ မိန်းမတွေဘယ်လိုစိတ် ရှိတယ် ပြောနေတာမဟုတ်ပါဘူး။ ယောကျ်ားတွေ မိန်းမတွေ အပေါ် ဘယ်လိုစိတ်ရှိတယ်ဆိုတာ ပြောပြနေခြင်းဖြစ်ပါတယ်။ ဒီလို ရေးနိုင်ဖို့ ကျွန်တော့်ခမျာ ကြိုးစားလာခဲ့ရတာ မိန်းမပေါင်းစုံ ပစ်သွားသည်အထိ။

×××××

Likes Unlike

Comment

www.burmeseclassic.com



**I'eeling** ပြန်ပေးပါမယ်ဆို

လောကမှာ ပြစ်မှုလုပ်ပြီး ပြစ်မှုမမြောက်တာရှိတယ်။ ဥပမာ - လူတစ်ယောက်က သူများပိုင်တဲ့အပ်တိုလေးတစ်ချောင်းခိုးရင်တောင် ခိုးမှုပဲ။ ခိုးယူထားတဲ့ပစ္စည်းကို အသိတရားရပြီး သွားပြန်အပ်ရန် အခိုးခံရသူက ကျေကျေနပ်နပ်လက်ခံကြပါတယ်။

လောကမှာ သူများပစ္စည်းခိုးပြီး ပြန်မပေးရတာ မိန်းမပဲရှိတယ်။

စဉ်းစားကြည့်လေ ဒီပစ္စည်း ကိုယ့်ပစ္စည်းလဲမဟုတ်။ သူများ ဘိုးဘွားပိုင်ကြီး။ ဒါကြီးကို သွားခိုးပြီးမှ ကျွန်တော်ပြန်အပ်ပါရစေဆို ဓားနဲ့တောင် အခုတ်ခံရမယ်။ ကိုယ်လိုချင် လို့ခိုးကိုယ်ယူပဲ။

ခိုးပြီးမှ အသိတရားရလို့ မဖြစ်တာ မိန်းမခိုးတာပဲ။

ပြန်အပ်တာကို လက်ခံရင်လည်း ခဏပဲ။

အဲ ပိုထူးဆန်းတာက ခိုးရာပါပစ္စည်းကို တရားဝင်





ပြန်တောင်းယူလို့ရပြန်တာလဲ မိန်းမပဲ။ ခိုးတယ်၊ ပြန်အပ် တယ်၊ ပြန်တောင်းတယ်။

တရားဥပဒေအရ ဘာပြစ်မှုမှမမြောက်ပေမယ့် လူမှုဥပဒေအရ အိမ်ထောင်ချလိုက်တော့တာပါပဲ။

အဲဒီအိမ်ထောင်က ဟိုထောင်ထက် ဆိုးပါတယ်။ အလုပ်ကြမ်းနဲ့ထောင်ဒဏ်တစ်သက်၊ လွတ်ရက်မရှိပေါ့။ ခိုးမှုကြောင့် ပြစ်ဒဏ်အကြီးဆုံးခံရတာလဲ မိန်းမခိုးမှုပါပဲ။

×××××

BURMESE CLASSIC

Likes Unlike

Comment

www.burmeseclassic.com



**Feeling** ကျန်သေးလားဟင်

အသည်းခွဲခံလိုက်ရတဲ့ မိန်းကလေးတွေက ယောကျ်ား တွေကို သတ်ပစ်ချင်လောက်အောင် မုန်းတယ်။ ဒါပေမယ့် မကြာ ပါဘူး တစ်ယောက်ယောက်များ အသက် ရှင်ကျန်ဦးမလားဆိုပြီး ပြန်ရှာပြန်ရော။

××××××

Likes Unlike

Comment





**Feeling** ပုံပြင်

ယောကျ်ားတွေက မိန်းကလေးတွေရဲ့အလှကိုကြည့် ရင် တင်းတိမ်နိုင်ရပါတယ်။

ဥပမာ မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာကို ကြိုက် ရင် ခန္ဓာကိုယ်ကို မကြည့်ပါနဲ့။ ခန္ဓာကိုယ်ကိုကြိုက်ရင် မျက်နှာကို မကြည့်ပါနဲ့။

အဲ ဒါပေမယ့် ထူးထူးခြားခြား ခန္ဓာကိုယ်ရော မျက်နှာ ပါလှတဲ့မိန်းကလေးတစ်ယောက်တလေများရှိခဲ့ရင် အတွင်းစိတ်ကို ကြည့်မနေပါနဲ့တော့။ လောကမှာအလုံးစုံ ပြည့်စုံတဲ့မိန်းမ စင်ဒရဲ လား ပုံပြင်ထဲက ထွက်မလာသေးလို့ပါ။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



Feeling သွေးတိုးအောင် ဆေးထိုးတာ

စိတ်မကောက်တတ်တဲ့မိန်းမဟာ လက်ဖက်ခြောက် မခပ်ထားတဲ့ ရေနွေးလိုပဲ ဘာအရသာမှ မရှိဘူးတဲ့။ ဒါကြောင့် မိန်းမတွေ အရသာရှိစွာစိတ်ကောက်နိုင်အောင် ယောက်ျားတွေက လက်ဖက်ခြောက်ခပ်ပေးရမယ်လေ။

××××××

Likes Unlike

☐ ☐

Comment

........................................................................

........................................................................

........................................................................

........................................................................

........................................................................





Feeling ကိုင်း. . . . ရန်စပြီ

စိတ်ကောက်နေတဲ့မိန်းမဟာ ကြောက်တတ်ပြီး ရန်ဖြစ်နေတဲ့သူနဲ့ အတူတူပဲ။ လူဆွဲများလေ ပိုကန်းတက်လေလေ။ ဘယ်သူမှ ဝင်မဆွဲမှာလဲ ရင်လေးရပြန်ရော။ စိတ်ကောက်နေစဉ်သူက မချော့ရင်ပေါ့။ ဒါပေမယ့် ယောက်ျားလေးအတွက်တော့ ပူစရာမဟုတ်ပါဘူး။ မိန်းမ တွေဟာ စိတ်ကောက်နေစဉ် ချစ်သူကပြန်မချော့ရင် ရင်လေးတတ်ပေမယ့် သူတို့ကိုင်ထားတဲ့ပိုက် ဆံအိတ်ပေါ့လာတာလောက် မိန်းမတွေရင်လေးတာ ဘာမှမရှိဘူး။

××××××

Likes Unlike

☐ ☐

Comment

........................................................................

........................................................................

........................................................................

........................................................................

........................................................................



www.burmeseclassic.com

www.burmeseclassic.com



**Feeling** အချင်းချင်းအားပေးတာ

ယောကျ်ားတွေက မိန်းကလေးတွေကို ကြည့်တဲ့အခါ မိန်းကလေး လှမလှပဲ ကြည့်ကြတယ်။ မိန်းကလေးတွေက မိန်းမ လှကို ကြည့်ရင်တောင် သူ့ဝတ်စုံလှမလှအရင် ကြည့်ကြတယ်။

××××××

Likes Unlike

☐ ☐

Comment

..............................................................................................................................

..............................................................................................................................

..............................................................................................................................

..............................................................................................................................

..............................................................................................................................





**Feeling** ဝတုတ်ကြီး ဝတုတ်ကြီးဟာ

မိန်းကလေးတွေနဲ့ ပတ်သက်လာရင်

ဘယ်တော့မှ လျှော့မတွက်သင့်ဘူး။

ပိုတွက်ထားမှ တန်ကာကျတယ်။

ဥပမာ . . . မျက်စိရှေ့တင် ဝလာတဲ့ မိန်းကလေး ကို ပိန်သွားတယ်လို့ပြောရပြီး ပိန်သွားတဲ့မိန်းကလေးကို ဝလာတယ်လို့ ပြောရတယ်။

ကိုယ်လိမ်ပြောမှ သူတို့က စိတ်ချမ်းသာတာမျိုး ရှိတာကိုး။

ဘာလို့လဲဆိုတော့ မိန်းကလေးတွေက တစ်ခါ တလေ သူတို့ကိုယ်သူတို့ လျှော့တွက်ထားကြတယ်။

စဉ်းစားကြည့်လေ။ သူတို့အကြောင်း အမှန်အတိုင်း ပြောရင်တောင် မနာလိုလို့ပြောရတယ် ဖြစ်သေး . . . ဟီဟိ။

××××××

Likes Unlike

☐ ☐

Comment

..............................................................................................................................

..............................................................................................................................

..............................................................................................................................

..............................................................................................................................

..............................................................................................................................



www.burmeseclassic.com

www.burmeseclassic.com



**Feeling** အချစ် သင်ရိုးသစ်

အချစ်ကိစ္စနဲ့ ကျရှုံးမှာစိုးလို့ လူတိုင်းကိုသာ သင်ခန်းစာယူနေရမယ်ဆိုရင် ဘယ်တော့မှ ပြီးဆုံးနိုင်မှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ အချစ်ကိစ္စမှာ သင်ရိုးညွှန်းတမ်းရှိရင်တောင် သင်ခန်းစာက ခဏခဏပြောင်းတယ်လေ။

××××××

Likes Unlike

Comment





**Feeling** နားမလည်နိုင်သောပုစ္ဆာ

ချစ်သူရည်းစားဘဝမှာ ယောကျ်ားလေးတွေက မိန်းကလေးတွေကို ချစ်နေဖို့ပဲ လိုတယ်။ နားလည်ဖို့ လုံးဝမကြိုးစားပါနဲ့။ နားလည်သွားပြီလို့ ထင်တဲ့အချိန်မှာ ခင်ဗျား အိမ်ထောင်ကျပြီဆိုတာ သေချာပြီ။ အဲဒီအခါကျရင် ခင်ဗျားတို့နှုတ်က 'ဒီမိန်းမတော့ နားမလည်နိုင်ပါဘူး'ဆိုတဲ့စကား ပြန်ကြားရလိမ့်မယ်။ ဘာလို့လဲဆိုတော့ 'မိန်းမတွေကို ဘယ်သူမှ နားမလည်နိုင်ဘူးဆိုတာ ခင်ဗျားနားလည် သွားလို့ပဲ'။ အဲဒီအခါကျရင် ခင်ဗျားဟာ ပညာရှိထက်သာတဲ့ အိမ်ထောင်ရှိဖြစ်နေပြီ။ ဘာလို့လဲ သိလား. . . ကိုယ်မှား တဲ့အခါ အမှားကိုသိပြီး ဝန်ခံတာက ပညာရှိတဲ့။ အဲ ကိုယ်မှန်တာတောင် မှားခဲ့ကြောင်း ဝန်ခံတာ အိမ်ထောင်ရှိတွေလေ။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** ခက်ခဲကြမ်းရှ လူပျိုကြီးဘဝ

လူပျိုကြီးဖြစ်ရတာ လွယ်လှတာတော့ မဟုတ်ဘူး။

လူတိုင်းက ရှေးဟောင်းပစ္စည်းလို အကြည့်ခံရတာ တစ်မျိုး၊

ဘယ်သူမှမသုံးလို့ ကျန်ခဲ့ရတဲ့ အပိုပစ္စည်းလို အထင်ခံရတာက တစ်မျိုး၊

အဆိုးဆုံးကတော့ ကိုယ့်အသိထဲက မွေးကြတဲ့ ကလေးတွေကိုယ်နဲ့ ခပ်ဆင်ဆင်တူနေရင် သိပ်အနေရခက်တာပဲ သိလား။

××××××

Likes Unlike

Comment





**Feeling** မေ့

အဖေကပြောတယ်

'သားရယ် မင်းလိုလူတော်က မျိုးဆက်တော့ ချန်ထားခဲ့သင့်တာပေါ့'

ကျွန်တော်က ပြောတယ်

'ထားခဲ့တာပေါ့ အဖေရယ်။ ဘယ်မှာထားခဲ့မိမှန်း သားမသိလိုက်တာ'

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** ဂြိုလ်သားတိုက်ပွဲ

သိပ္ပံပညာရဲ့ တိုးတက်မှုက အံ့မခန်းပါပဲ။

လကမ္ဘာကို ခြေချတာအပြင်

အာကာသထဲ ဟန်းနီးမွန်းထွက်သူတွေတောင် ရှိနေပါပြီ။

ဒါက နောက်ကျလှပါပြီ။ သိပ္ပံပညာနဲ့ပတ်သက်ပြီး အိမ်ထောင်ရှိတဲ့ယောက်ျားတွေက မိန်းမကို ဂြိုဟ်သားတစ်ယောက်လို တစ်ခါတော့ ကြည့်ဖူးတယ်။ ဘာကြောင့်လဲ ဆိုတော့ သူတို့ဟာ မိန်းမတွေ ပစ်လွှတ်လိုက်တဲ့ ပန်းကန်ပြားပျံကို မြင်ဘူးလိုက်လို့လေ။

××××××

Likes Unlike

Comment





**Feeling** စေပေါ့ စေ စေ

အားလုံးကို ကျန်းမာကြပါစေ ချမ်းသာကြပါစေလို့ ဆုတောင်းပေးပါတယ်။

ဘာလို့လဲဆိုတော့ ကျွန်တော် ခင်ဗျားတို့ကို အလကား လုပ်ပေးနိုင်တာဆိုလို့ ဆုတောင်းပေးနိုင်တာပဲ ရှိတာကိုး။

ခက်တာက ကျွန်တော့်ဆုတောင်း တစ်ခါမှ မပြည့်ဖူးဘူး။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



Feeling စုသားရုံ

အရှိကို အရှိအတိုင်း အမှန်အတိုင်းပြောချင်ရင် အချစ်အကြောင်း မပြောပါနဲ့။

သေသည်အထိ ချစ်မယ်ဆိုတဲ့စကားကို ပြောချင်ရင်တောင် မနက်ဖြန်ကိုယ်သေမယ်ဆိုတာ သေချာသိမှပြောပါ။

ဘာလို့လဲဆိုတော့ လောကမှာ အလိမ်ညာခံရဆုံးက အချစ်ကိုစွပဲရှိတာလေ။ ဒါကြောင့် မလိမ်တတ်ရင် ရည်းစားမထားပါနဲ့။ ရည်းစားထားတာနဲ့ အနည်းဆုံး ခင်ဗျားချစ်သူဘယ်လောက်လှကြောင်း ခင်ဗျားလိမ်ပြောရတော့မှာပဲ။

ဘာလို့လဲဆိုတော့ မိန်းမတွေက အမှောင်ထဲမှာပိုလှကြောင်း ခင်ဗျားသိနေလို့ပါပဲ။

xxxxxx

Likes Unlike

Comment





Feeling တစ်ခါတလေ မိန်းကလေးများလဲ လက်ခုပ်တီးကြပါစေ။

ယောက်ျားတွေမှာ ကိုယ်ပိုင်အမြင်မရှိဘူးဆိုရင်
အဲဒီလူဟာ လူညံ့ပဲ။
ဒါပေမယ့် မိန်းမတွေက ကိုယ်ပိုင်အမြင်ရှိကြတယ်။
သူတို့ ဘယ်သူ့ကို ရွေးရမယ်ဆိုတာ
ကောင်းကောင်း သိတယ်လေ။
ဒါကြောင့် လူညံ့တွေက
လူတော်တွေကို လုပ်ကျွေးနေရတာပေါ့။

xxxxxx

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** လွတ်လပ်ရေး မပေးမိစေနဲ့

ချစ်သူရည်းစားဘဝမှာ

မိန်းကလေးတွေ ဘာပြောပြော

ယောကျ်ားတွေက ဂရုတစိုက် နားထောင်ကြတဲ့ အပြင် 'သူပြောတာ နားမလည်တောင် သူပြောချင်တာ ဘာလဲ'လို့ အချိန်တိုင်းပြန်စဉ်းစားပေးကြတယ်။

အဲ . . . အိမ်ထောင်ကျသွားရင်တော့ အဲလိုမဟုတ်တော့ဘူး။

လေမုန်တိုင်းကျနေချိန် ပင်လယ်ကမ်းစပ်မှာ မိန်းမနဲ့ အတူ လမ်းလျှောက်ထွက်ရတာ စိတ်အချမ်းသာဆုံး။

ဘာလို့လဲဆိုတော့ သူတို့ပြောတာ တစ်ခွန်းမှမကြားရလို့လေ။





အိမ်ထောင်ကျသွားတဲ့အခါ အများဆုံးကြားရတာက 'မင်းသိပ်စကားများတာပဲ'ဆိုတာပါပဲ။

ရန်ဖြစ်ရင်တောင် စကားများလို့ ရန်ဖြစ်ကြတာ ပိုများပါတယ်။

ဒါပေမယ့် စကားများလို့ ရန်ဖြစ်ရင်တောင် လက်ပါတာမျိုး ရှောင်ကြဉ်သင့်ပါတယ်။ ဘာလို့လဲဆိုတော့ မတော် တဆ သူတို့ သွားကျွတ်သွားရင် သူတို့လျှာတွေ လွတ်လပ်ရေး ရပြီး ကိုယ်ပဲ ပိုခံစားရမှာလေ . . .

ဟီဟိ. . .

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** ခြားနားချင်း

ရှေးခေတ်မိန်းကလေးတွေနဲ့
အခုခေတ်မိန်းကလေးတွေ
မတူတာတော့ အမှန်ပဲ။
အခုခေတ် မိန်းကလေးတွေ
ယောကျ်ားတစ်ယောက်ရှေ့
တစ်ထောင့်တစ်ည ပုံပြင် ပြောကြည့်ပါလား
ယောကျ်ားတွေ ဘာပြောမယ်ထင်လဲ !
ခင်ဗျားတို့ပဲ ပြောပြကြည့် . . .

××××××

Likes Unlike

Comment



**Feeling** ခြင်များလို့တွေးမိတာ

တောက် 'ခြင်'တွေကလဲ မိန်းကလေးတွေလိုပဲ ကိုက်မှာဖြင့် ကိုက်လိုက်တာမဟုတ်ဘူး။

အခုတော့ ကိုက်လဲ မကိုက်ဘဲ နားနားမှာ တဝီဝီနဲ့ လာဝဲနေတာ။

××××××

Likes Unlike

Comment

www.burmeseclassic.com

www.burmeseclassic.com



**Feeling** ရာဇဝင် အထုပ္ပတ္တိလည်းရှိရမယ်

အချစ်ရေးတွေမှာ ယောကျ်ားနဲ့မိန်းမဘယ်သူက ပို အရေးပါလဲ ငြင်းခုန်နေစရာမလိုပါဘူး။

မိန်းကလေးတွေက လမ်းသိတယ်။

တစ်ချိန်လုံး လမ်းပြနေခိုင်းတယ်။

ဒါပေမယ့် ကိုယ်တိုင်ဘာမှ မမောင်းနှင်နိုင်ဘူး။

ယောကျ်ားလေးတွေက အရာရာမောင်းနှင်နိုင်တယ်။

ဒါပေမယ့် လမ်းမသိဘူး။

အချစ်ရေးမှာ ဘယ်သူကဘယ်လိုအရေးပါပါစေ အိမ်ထောင်ရေးဆိုတဲ့ မှတ်တိုင်ကိုတော့ အတူရောက်တာပါပဲ။

ဒါပေမယ့် အိမ်ထောင်တစ်ခုဖြစ်သွားရင် မိန်းမတွေဘယ်လိုပဲ ဖန်တီးပါစေ။

သမိုင်းကတော့ ယောကျ်ားတွေရဲ့ နာမည်ပဲ မှတ်မိပါတယ်။

××××××

Likes Unlike

Comment





**Feeling** အပျော်စိန်ကြီးများ

လူတွေက ငယ်တုန်းမှာသာ အသက်ကြီးချင်ကြ တယ်။

အသက်အရွယ် အနည်းငယ်ရလာတဲ့အခါအိုမင်းလာမှာကို ထိတ်လန့်ကြတယ်။ အသက်အရွယ်ကြီးလာရင် ဆိုတဲ့စိတ်က အနည်းနဲ့အများ ဖိစီးလာပြန်ရော။

ကျွန်တော်တို့နဲ့ကတော့ သဘောထားမတိုက်ဆိုင်ဘူး။

သူများတွေတော့မသိဘူး ကျွန်တော်တို့ကျတော့ နှစ်တစ်နှစ်ကူးတိုင်း လူသစ်စိတ်သစ်နဲ့နေလာတာ အသက်ကြီးချိန်ကိုမရခဲ့ဘူး။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** မှားချက်က ၉

မိန်းမချောလေးတွေမြင်တိုင်း ချောကြောင်း လှကြောင်း ဝန်ခံရင်းကျန်တဲ့သူတွေကိုပါ မြှောက်ပင့်ပြောတတ်လာတယ်။

ယောကျာ်းတွေ မြှောက်ပင့်ပြောတိုင်း မိန်းကလေးတွေက ယုံကြတယ်လေ။

ဘာလို့လဲဆိုတော့ မိန်းကလေးတွေက သူတို့မလှဘူး ဆိုရင်တောင် ကင်မရာညံ့လို့ လို့ပဲ ထင်ကြတာကိုး။

××××××

Likes Unlike

Comment





**Feeling** မူး မူးတယ်မပြောဘူး

မှောက်လဲရင်တောင်
ဖိဖိ ထားရတယ်
အလွမ်းတွေ အိတ်သွန်ဖာမှောက်
ထွက်ကျမှာစိုးလို့
နှလုံးသားနေရာမှာ
အမြဲထည့်ထားတဲ့
ပိုက်ဆံအိတ်ရေ
မင်း ဘယ်နားထွက်ကျသွားတာလဲ။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



Feeling ပိတ်စပန်းသီး

အချစ်ဆိုတာ
ရယူခြင်းလား ပေးဆပ်ခြင်းလားဆိုတာ
ဒီနေ့အထိ အငြင်းပွားနေရတဲ့ ပုစ္ဆာ။
ဒါပေမယ့် တစ်ဖက်သတ်အချစ်ဆိုတာ
ပန်းချီဆရာရေးတဲ့ ပန်းသီးလိုပဲ။
ပန်းချီဆရာက ပန်းသီးကို လှပအောင်တော့ ခြယ်မှုန်းနိုင်တယ်။
ဒါပေမယ့် သူခြယ်မှုန်းနေတဲ့ ပန်းချီကားထဲက
ပန်းသီးရဲ့ အရသာကိုတော့
မသိနိုင်ဘူးလေ. . .။

××××××

Likes Unlike

Comment





Feeling တန်ဆေး လွန်ဘေးနော် သတိ

မည်သူမဆို ချစ်သူရည်းစားထားသင့်ပါသည်။
အဘယ်ကြောင့်ဆိုသော်
စီးကရက်မသောက်ဘူးသူသည်
ခံတွင်းချဉ်တတ်မှန်း သိလိမ့်မည်မဟုတ်သလို
ချစ်သူရည်းစား မထားဘူးသူသည်
မိမိခန္ဓာကိုယ်တွင်း လိုအပ်ချက်တစ်ခုကို
သိနိုင်လိမ့်မည် မဟုတ်ပေ။
သို့သော် . . .
အချစ်သည် ရံဖန်ရံခါ၌
ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်ပါသည်။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** အတည်ပေါက်

သူ့ဖက်ကလဲ သူ့အမှန်တရား
ကိုယ့်ဖက်ကလဲ ကိုယ့်အမှန်တရား
အမှန်တရားချင်း တိုက်နေလို့
ပေါင်းလို့မရနိုင်ဘူးတဲ့။
အမြဲကြားနေရတဲ့စကား
ပြန်စဉ်းစားကြည့်တယ်။
အမှန်တရားချင်းတူရင်
သဘောထားချင်း တိုက်ကို တိုက်ဆိုင်ရမယ်လေ။
အခု အဲဒီအမှန်တရားက ဘာလို့ သဘောထား မတိုက်ဆိုင်ရတာလဲ။
ရှင်းရှင်းလေးပဲ
အတ္တပါတဲ့ အမှန်တရားဟာ
ဘယ်တော့မှ သဘောထားမတိုက်ဆိုင်ဘူး။

××××××

Likes ☐ Unlike ☐

Comment

..................................................

..................................................

..................................................

..................................................

..................................................



**Feeling** ချစ်စရာကြီးတွေ

ချစ်စရာကောင်းတဲ့ မိန်းမဆိုတာ
အိမ်ပေါ်က ဆင်းမယ်ဆိုရင်တောင်
ထမင်းချက်သွားပေးတဲ့ သူတဲ့။
ချစ်စရာကောင်းတဲ့ ယောကျ်ားကတော့
ကွာရှင်းလိုက်ရင်တောင် ကလေးစရိတ်ပေးသတဲ့။
ဒါကြောင့် ချစ်စရာကောင်းတဲ့မိန်းမက
အလိုက်တသိ အိမ်ပေါ်ကဆင်းပေးပြီး
ချစ်စရာကောင်းတဲ့ယောကျ်ားက
ကွာရှင်းခွင့်ပေးလိုက်တယ်လေ။

××××××

Likes ☐ Unlike ☐

Comment

..................................................

..................................................

..................................................

..................................................

..................................................

www.burmeseclassic.com

Feeling မဖုံးမဖြစ်ဂျိုး

အမြင်ကတ်လို့ ရေးတဲ့စာ

‘ချစ်သူရယ် မင်းမှမပါရင် ငါ့ရဲ့ရှေ့ဆက်ရမယ့်ခရီးတွေက မဖြစ်နိုင်တော့ဘူး’

‘မင်းမှ မပါရင် ငါတော့ မဖြစ်နိုင်တော့ဘူးကွယ်’ တဲ့။

အသက်ငင်နေတဲ့လူနာလို ငြီးကြ ပြောကြ။

မိန်းကလေးတွေက ကိုယ့်ကိုယ်ကို အရေးပါတယ် မှတ်ပြီး ပျော်ကြတာပေါ့။

ရှင်းရှင်းလေး

ရိုင်းတယ်မထင်နဲ့

မိန်းမမပါဘဲ သွားလို့ရတဲ့နေရာ အများကြီး။

လုံချည်မပါဘဲ ဘယ်မှသွားလို့မရဘူး။

××××××

Likes Unlike

Comment





Feeling အထာလေးတွေရှိတယ်

‘တော်ပြီ ဘာမှပြောချင်တော့ဘူး’

ဆိုရင် သူ့မှာခင်ဗျားအကြောင်း ပြောစရာအများကြီး ရှိနေပြီဆိုတာ မှတ်ထားပါ။

အကယ်၍များ ခင်ဗျားကို တကယ်ပဲမပြောတော့ ဘူး ဆိုရင် သူတခြားတစ်ယောက်ကို ခင်ဗျားမကောင်း ကြောင်းပြောပြီး တာ သေချာပြီ။

သူပြောသမျှ ခင်ဗျားမကောင်းကြောင်းကို ဘယ်သူမှ မယုံရင်တော့ ခင်ဗျားရဲ့ ယောက္ခမ သူ့ရဲ့အမေက ယုံလိမ့်မယ်။

ဘာလို့လဲဆိုတော့ ယောက္ခမဆိုတာ သမက်တစ် ယောက်ရဲ့ အောင်မြင်မှုကို နောက်ဆုံးမှယုံတတ်ပေမယ့် သမက်ရဲ့ အတင်းအဖျင်းကို ပထမဆုံးယုံတဲ့သူ။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** ဖုံးဖိမရ ဝဆန္ဒ

သာယာတဲ့အိမ်ထောင်ရေး ရှိတယ်တယ်ဆိုတာ
အမှန်ပါပဲ။
ကိုယ်ချစ်တဲ့မိန်းမကိုယူ
ကိုယ်ချစ်တဲ့ ကလေးတွေ မွေးရတော့
ပျော်စရာပဲပေါ့။
ဒါပေမယ့် လောကမှာ
တစ်ရက်လောက်ဖြစ်ဖြစ်
လူပျိုပြန်မဖြစ်ချင်တဲ့
အိမ်ထောင်သည် မရှိဘူး။

xxxxxx

Likes Unlike

Comment





**Feeling** ရှားပါးမျိုးစိတ်ကြီး

ဟိုနေ့ကပဲ နတ်ပြည်အကြောင်း ပြောတယ်
ဒီနေ့ ဖျားရော။
အဲလောက်လဲ အရင်မလိုသေးပါဘူးလို့
နတ်ပြည်လဲ သိပ်မသွားချင်သေးဘူး။
ဘာလို့လဲဆိုတော့ လူ့ပြည်နဲ့နတ်ပြည်ကွာခြားတာက
နတ်ပြည်ရောက်ရင် လူပျိုကြီးလုပ်လို့ မရတော့ဘူးလေ။
ဟိုမှာ တစ်ဖက်ငါးရာဆိုတော့ ကျန်းမာအောင် တောင်
မနည်းကြိုးစားရမှာ။
ဒီတော့ နတ်ပြည်မှာမရနိုင်တဲ့ လူပျိုကြီးဘဝနဲ့
လူ့ပြည်မှာ စိတ်ချမ်းသာပါရစေဦးလို့။
ဒါလဲ ကျွန်တော့်အတွက် နတ်ပြည်။
. . . ဆက်ဖျားလိုက်ပါဦးမည်။

xxxxxx

Likes Unlike

Comment


www.burmeseclassic.com

www.burmeseclassic.com



Feeling မီးကလေး မီးကလေး

အိမ်ထောင်ပြုတယ်ဆိုတာ
အသက်အရွယ်ကြီးလာတဲ့အခါ
ဒါမှမဟုတ်
နာမကျန်းဖြစ်လာတဲ့အခါများမှာ
ဆေးပေးမီးယူ လိုချင်လို့
အိမ်ထောင်ပြုကြတာပါ။
ဒါပေမယ့် အိုမင်းမစွမ်းတဲ့အထိ
ကိုယ်ကချည်း ဆေးပေးနေပြီး
သူက မီးချည်းယူလာနေရင် ဒုက္ခ။
နေမကောင်းတုန်း အတွေး . . .
ဆက်ဖျားလိုက်ပါဦးမည်။

××××××

Likes Unlike

☐ ☐

Comment

........................................................................................................

........................................................................................................

........................................................................................................

........................................................................................................

........................................................................................................





Feeling ရှုတ်နေတာပဲ

မိန်းကလေးတွေက
သူတို့ချစ်တဲ့ ယောကျ်ားတွေကို
သူတို့ယုံကြည်တယ်ဆိုတာ နားလည်စေချင်ကြတယ်။
တချို့မိန်းကလေးတွေကလည်း
သူတို့ချစ်တဲ့ ယောကျ်ားလေးတွေကို
သူတို့နားလည်တယ်ဆိုတာ ယုံကြည်စေချင်ကြတယ်။
ဒါပေမယ့် သူတို့ဟာ
သူတို့ချစ်တဲ့ ယောကျ်ားတွေကို
အဲဒီလိုစကားလုံးမျိုး
ကောင်းမွန်စွာ မပြောတတ်ဘူး။
ဒါကြောင့်လဲ အဲဒီစကားလုံးကို
ယောကျ်ားလေးတွေက နားမလည်နိုင်ဘူး။
ဘာလို့လဲဆိုတော့
မိန်းမတွေက သူတို့ချစ်တဲ့ယောကျ်ားတွေကို
ယုံကြည်နားလည်တာထက်
သူတို့ကိုယ်သူတို့ ယုံကြည်နားလည်စိတ် ပိုများနေ
လို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လဲ သူတို့ချစ်တဲ့ယောက်ျားတွေကို
ယုံကြည်နားလည်ကြောင်းပြောတဲ့အခါ
သူတို့ကိုယ်သူတို့ ယုံကြည်နားလည်သလောက်
မဟုတ်တဲ့အတွက်
သံသယစိတ် အနည်းနဲ့အများ ပါခဲ့တယ်လေ။
ဒါကြောင့်ပဲ
အဲဒီစကားလုံးကို ယောက်ျားတွေက
နားမလည်နိုင် ဖြစ်ရတော့တာပေါ့။

××××××

Likes Unlike

Comment





Feeling အားနေတာ မဟုတ်ဖူးကွယ်

ဒီနေ့ မအားဘူး။
အခု မနက်စာ စားနေတယ်။
ပြီးရင် နေ့လယ်စာ စားရမယ်။
ပြီးရင် ညနေစာစားဖို့ ပြင်ဆင်ရမယ်။
ညနေစာ စားပြီးရင် ညစာစားပြီး
အိပ်ဖို့ စောင့်ရဦးမယ်။
ဒီနေ့မအားဘူး။
ဟူး . . . ပင်ပန်းတာ။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** အရည်အချင်း

အကျင့်နဲ့ ရုပ်ရည်ကလွဲပြီး
ဘာမှ ပြောစရာမရှိဘူးတဲ့။
ဘာ ကျန်သေးလဲဟင် !

xxxxxx

Likes Unlike

Comment





**Feeling** အမှုကကြီးပြီ

မိန်းကလေးတွေကို ချီးမွမ်းပြောဆိုပါ။
မဟုတ်မှန်းသိရင်တောင် သူတို့က
ခင်ဗျားကို ခင်မင်လိမ့်မယ်။
မိန်းကလေးတွေကို ဘယ်တော့မှ မကဲ့ရဲ့မိစေနဲ့။
သူတို့ကို ကဲ့ရဲ့မိတာနဲ့
သူတို့ ဘဝရဲ့ အကြီးဆုံးရန်သူဟာ
ခင်ဗျား ဖြစ်သွားလိမ့်မယ်။
အဲဒီ ကဲ့ရဲ့စကားတစ်ခုက သူတို့တွေ ခင်ဗျားကို
ဘယ်လောက်နာကြည်းသွားစေသလဲ သိလား။
အကယ်၍များ တတိယကမ္ဘာစစ်ဖြစ်ရင်တောင်
အဲဒီ ကမ္ဘာစစ်
ခင်ဗျားကြောင့်ဖြစ်တာဆိုပြီး
သူတို့ ကျိန်ပြောလိမ့်မယ်။

xxxxxx

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** သွားမြန်ပြီ တစ်ဝါ

မနက်ဖြန် ဝါဝင်ပြန်ပြီမို့ဒီည ဆယ့်နှစ်နာရီထိ ကြိုးစားခွင့်ရှိကြောင်း

သိရှိထားရ၍ ဒီညတော့ နောက်ကျမှအိပ်မှာဖြစ်ပြီး မည်သို့ပြုရမည်ကိုမည်သူမဆို အခမဲ့အမြန် အကြံပေးနိုင်ပါကြောင်း အသိပေး ပြန်ကြားအပ်ပါသည်။

ကျေးဇူးရှင်တိုင်းကို ကျေးစွပ်ပါမည်။

××××××

ဝါဝင်သွားပါပြီကွယ်. ဝါထွက်ပြန်စောင့်ပါ့မယ်။

××××××

ဝါဆိုလပြည့်နေ့

ယနေ့တွင် လူအတော်များများ အင်တာနက်ပေါ်၌ ဘုရားသွားကြသည်။

××××××

Likes Unlike

Comment





**Feeling** အားပေးပါ

ယောက်ျားနဲ့မိန်းမ ဘယ်သူပိုပြီးကုသိုလ်ပိုရလဲ ဟုတ်လား။ ပြောပြမယ်

ယောက်ျားတွေက အလိုလိုနေရင်းကုသိုလ်ရနေတဲ့ကိစ္စတွေရှိတယ်။

လမ်းတွေပြင် တံတားတွေဖောက် အလှူအတန်းတွေလုပ်မှရယ် မဟုတ်ဘူး။

မိန်းကလေးတွေရဲ့အလှကို ထိုင်ကြည့်နေပေးရုံနဲ့ကုသိုလ်ရပါတယ်။

ဘာလို့လဲဆိုတော့ ယောက်ျားတွေရဲ့အကြည့်ဟာ မိန်းကလေး တွေအတွက်ခွန်အားသစ်ဖြစ်ထွန်းစေပြီး သွေးလည်ပတ်မှုကို ထူးခြားစွာပြောင်းလဲစေပါတယ် လို့ဆေးပညာက ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လဲ ယောကျ်ားတွေရဲ့မှင်သက်တဲ့အကြည့် တစ်ခုဟာ မိန်းကလေးတွေအတွက် ကယ်လိုရီတွေအား ဆးတွေ ထက် ပိုထိရောက်တယ်။ သူတို့တွေ ကျန်းမာရေးကောင်းဖို့

ကိုယ်စိုက်ကြည့်ပေးရတဲ့အတွက်အလိုလိုနေရင်း ကိုယ်လဲ ကုသိုလ်ရပါတယ်။

ဒါကြောင့် မိန်းကလေးတွေလဲ ကျန်းမာကိုယ်လဲ ကုသိုလ်ရဖို့

**မိန်းကလေးတွေကို စိုက်ကြည့်ပေးကြပါစို့။**

××××××

Likes Unlike

Comment

.....................................................................

.....................................................................

.....................................................................

.....................................................................

.....................................................................





Feeling ဖွတ်ငြင်းတာပဲ

မင်းက သတိရနေတယ်ဆိုရင်တောင်
ငါမင်းကို မမှတ်မိတော့ပါဘူးကွယ်။
မင်းနဲ့တွေ့တဲ့အခါ
အာခေါင်ခြောက်ကပ်ပြီး မျက်ရည်ဝဲမိရင်လဲ
ငါမင်းကို မမှတ်မိတော့ဘူးကွယ်။
မင်းပြုံးပြတဲ့အခါ ငါ တုန်လှုပ်မိရင်တောင်
ငါ့နှလုံးသားက မင်းကို မမှတ်မိတော့ပါဘူးကွယ်။
မင်းရဲ့ အပြုအမူဆိုးတွေ
ငါ့အပေါ်မှာ မဟုတ်ခဲ့ဘူးထင်တယ်
ဒီအတွက် နောင်တစကားဆိုချင်ခဲ့ရင်
တခြားရင်ခွင်မှာသာ ဆိုလိုက်ပါကွယ်။
ဘာကြောင့်လဲဆိုတော့
မင်းနဲ့ငါ တစ်ချိန်က ပတ်သက်မှုရှိခဲ့ရင်တောင်
ငါ့ နှလုံးသားက မင်းကို
ဘယ်လိုမှ မမှတ်မိတော့ဘူးကွယ်။

××××××

Likes Unlike

Comment

.....................................................................

.....................................................................

.....................................................................

.....................................................................

.....................................................................



www.burmeseclassic.com

www.burmeseclassic.com



**Feeling** တစ်ကယ်ဆိုရင် ဆားလိုတယ်

မိတ်ဆွေအပေါင်းအသင်းသူငယ်ချင်းတွေဆိုတာ ကြက်ဥတစ်လုံးလိုပဲ။

တချို့က အပေါ်ယံအကာတွေတချို့က အနှစ်တွေပေါ့။

ဒါပေမယ့် မိတ်ဆွေအပေါင်းအသင်းကောင်းတွေ ရရှိထားသော်လည်း ချစ်သူရည်းစားမရှိသူဟာ ဆားမပါဘဲ ကြက်ဥစားနေရသလိုပါပဲ။ ဘာအရသာမှ သိပ်ရှိလှတာရယ်ဟုတ်ဘူး။

××××××

Likes Unlike

Comment





**Feeling** ချာကြီးကဆြာကြီးပဲ

အသံတိတ်ရုပ်ရှင်ခေတ်ကုန်သွားတာ
ယောက်ျားတွေအတွက်
သိပ်ဝမ်းနည်းဖို့ကောင်းတာပဲ။
စဉ်းစားကြည့်လေ
မိန်းမတစ်ယောက် ပါးစပ်လှုပ်တာ
မြင်ရပြီး ဘာသံမှမကြားရတာ
ဘယ်လောက်စိတ်ချမ်းသာစရာကောင်းလဲ။

ချာလီချက်ပလင်

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** သနားတယ်

အင်မတန် ညက်ကောင်းပြီး
အင်မတန် ခေတ်အမြင်ရှိပြီး
အင်မတန်မှုကို ဦးဆောင်နိုင်ပြီး
အင်မတန်မှုကို လွတ်လပ်မှုကို
မြှတ်နိုးတဲ့မိန်းကလေးတွေဟာ
အင်မတန်မှုကို သနားစရာကောင်းတယ်။
ဘာလို့လဲဆိုတော့
သူတို့အတွက် ယောကျ်ား ဒီကမ္ဘာမှာ မရှိဘူးလေ။

××××××

Likes Unlike

Comment





**Feeling** ဟီဟိ

ကိုင်း လာပြီဗျား
ယောကျ်ားတွေဟာ တစ်ခါတစ်ရံမှာ
မအောင်မြင်မှုတွေတွေ့ပြီး
စိတ်ပျက်နေတတ်ကြတယ်။
မအောင်မြင်မှုတွေ ကြုံတိုင်း
ငါ ညံ့ဖျင်းလှချည်လား
လို့ ခံစားကြတယ်။
အမှန်တော့ ယောကျ်ားတွေဟာ
အတ္တကြီးခြင်း မလိုအပ်ဘဲ မိုက်မဲခြင်း
အိမ်ထောင်ပြုမိခြင်းတွေသာ ဖယ်လိုက်ရင်
အားလုံးဟာ လူတော်တွေ . . .

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** တည်ရချင်းအကြောင်း

ကိုယ့်ဖာသာကိုယ် မယူလို့မရတာကို ဝိုင်းပြောနေလိုက်ကြတာ နိုင်ငံတော်ပုန်ကန်မှုကြီး ကျနေတာပဲ။

ကိုယ်တစ်ယောက်မယူလို့ လူသားမျိုးနွယ်စုကြီး ပြုန်းတီးသွားမှာလဲမဟုတ်။

သူတို့မြောက်ပေးလို့ ကိုယ်ယူလိုက်ရင်လဲဝိုင်းဝန်း ထောက်ပံ့ပေးမှာလဲမဟုတ်။

အပြောမခံနိုင်လို့ ယူပြလိုက်ရင်လဲ ကိုယ်ပဲလုပ်ကျွေးရပြီး ဖတ်သီ ဖတ်သီနေဦးမယ်။

ဒီကြားထဲ ကိုယ်ယူတဲ့မိန်းမ ကိုယ့်ကို နိုင်လို့ကတော့ ဝမ်းသာအားရ ထတောင် ကကြဦးမလားပဲ။

တော်ပြီ ထုံးစံအတိုင်း မျက်နှာမာကြီးနဲ့ခပ်တည်တည်နေတာပဲ အေးတယ်။

××××××

Likes Unlike

Comment





**Feeling** အဟိ ခံလိုက်ရပြန်ပြီဟုတ်

လောကမှာ လူတွေသာ ကျွန်တော်တို့လို လူပျိုကြီးဖြစ်ချင်စိတ်မျိုးသာရှိရင်လူသားမျိုးနွယ်စုဆိုတာ ဒိုင်နိုဆောထက်စောပြီး မျိုးတုန်းပျောက်ကွယ် နေလိမ့်မယ်။

ဒါပေမယ့် အဲဒီလိုသာ တကယ်ဖြစ်ရင် ယောကျ်ားနဲ့ မိန်းမမှာမိန်းမတွေက အရင်မျိုးတုန်းသွားလိမ့်မယ်။ ဘာလို့လဲဆိုတော့ အိမ်ထောင်မပြုရရင် ကိုယ့်ကိုယ်ကိုယ်သတ်သေမယ့်မိန်းမကနည်းမှ မနည်းပဲကိုး။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** မကောင်းမှုတို့ရဲ့ထိပ်စည်း

အချစ်ကိစ္စနဲ့ပတ်သက်ပြီး
တချို့လူတွေက ဘယ်တော့မှ
မမှားဖူးဘူးလို့ ယူဆကြရဲ့။
အမှန်တော့ အချစ်ကိစ္စမှာ
မမှားဖူးတဲ့သူ ရှိကို မရှိတာပါ။
ဘာလို့လဲဆိုတော့
အချစ်ဆိုတာ
ကမ္ဘာဦးထဲက လူတွေရဲ့
ပထမဆုံး မကောင်းမှုအသိဉာဏ်။

××××××

Likes Unlike

Comment





**Feeling** မပုတုကိုစိတ်ကုန်

မြန်မာပြည်မှာ အင်တာနက်သုံးရတာလဲသေနေတဲ့ မိန်းမကြီးနဲ့ ဖက်အိပ်နေရသလိုပဲ။

ကိုယ်ဘယ်လောက်ပွတ်ပွတ် သူက တုတ်တုတ်ကို မလှုပ်ဘူး။

တကယ်

ဒါပေမယ့် ချစ်တော့လဲ လှုပ်လာနိုးနဲ့ ပွတ်နေရတာပဲ။

××××××

Likes Unlike

Comment



www.burmeseclassic.com

**Feeling** ပုလင်းကြီးချိတ်ပေးလိုက်ပြီ ကလေးမ

ယောက်ျားတွေအတွက် မိန်းကလေးနဲ့ ငွေကြေး ဘယ်ဟာ အရေးကြီးသလဲ မေးရင်ငွေကြေးလို့ အများက ပြောကြမယ်ငွေရှိရင် အကုန်ဖြစ်တယ်ပေါ့။

အမှန်တော့ ကမ္ဘာမှာ မိန်းမတွေသာမရှိရင်ယောက်ျားတွေရှာထားတဲ့ငွေကြေးဆိုတာအလကားပဲ။

မိန်းမတွေသာ မရှိရင်ဘယ်သူမှလဲ ငွေရှာကြတော့မယ် မထင်ဘူး။

ဒါကြောင့်လဲမိန်းကလေးတွေရဲ့အလှဟာ ဥစ္စာစနေလို့ ဆိုကြတာပေါ့။

××××××

Likes Unlike

Comment





**Feeling** အကြီးကြီးကျေး

ဘယ်သူမဆိုပေါ့ ခင်ဗျားသာ ကောင်မလေးရဲ့အချစ်ကို မရ သေးခင်မှာ ခင်ဗျားရဲ့အကြောင်းကို သေချာပေါက်ပြောပြကြရမှာပဲ။ အဲဒီလိုပြောတဲ့အခါ သတိထားရမှာက ကိုယ့်အကြောင်းအပြင် ကိုယ်ဘာဖြစ်ချင်တယ် ဆိုတာကိုပါ ထည့်တွက်တတ်ကြပါတယ်။

ဒါမှ သူ့ရဲ့အချစ်ကိုရတဲ့အချိန်မှာ ကိုယ်ဖြစ်ချင်တာလဲ ဖြစ်လို့ရမယ်လို့ ထင်တတ်ကြတယ်။

အမှန်တော့ မဟုတ်ဘူး ခင်ဗျ။

အမှန်ကတော့ အစားမစားခင်မှာ ခင်ဗျားဟာ သက်သက်လွတ်သမားလို့ သူထင်သွားလောက်သည်အထိ ပြောရမှာပါ။

အဲသည်လိုထင်သွားရင် ပွဲသိမ်းပါပြီ။

××××××

Likes Unlike

Comment

www.burmeseclassic.com



**Feeling** အညာလွယ်သူတွေ အလုပ်များအောင်

ဟိုအရင်ကဆို အသည်းခွဲခံလိုက်ရရင် အိမ်ထဲက အိမ်ပြင်မထွက်ဘဲ ကြိတ်လွမ်းတတ်ကြတယ်။ အသည်းခွဲခံလိုက်ရတာ ရှက်လို့ဆိုပြီး ဘယ်သူမှမပြောဘဲ ကြိတ်မှိတ်ခံစားတတ်ကြတယ်။

ခေတ်ပဲပြောင်းသွားတာလားမသိဘူး။ အခုတော့ အသည်းကွဲပြီဆို အွန်လိုင်းပေါ်တက်ပြီး လူသိရှင်ကြား တရားဝင်ကြီးကို ကွဲတော့တာပဲ။

ပို အံ့သြစရာကောင်းတာက အွန်လိုင်းပေါ် အသည်းကွဲနေတာ မိန်းကလေးတွေ အများဆုံး။

အသည်းကွဲပြီဆိုတာနဲ့ အွန်လိုင်းပေါ် ခြေစုံကန်တက်လာပြီး လူသိရှင်ကြား ကွဲတော့တာ။ ဒီတော့ လိုင်းပေါ်သူတို့ တရားဝင်အသည်းကွဲနိုင်အောင် ယောကျ်ားတွေမှာလဲ တာဝန်ရှိသလို ဘာလိုလို။

××××××

Likes Unlike

Comment





**Feeling** ပုံပြင်ထဲသာ ဒိုးလိုက်ပါ

ရိုးသားတဲ့မိန်းကလေးဖြစ်ရတာ ဂုဏ်ယူစရာပါ။

ဒါပေမယ့် ရိုးအတဲ့မိန်းကလေးဖြစ်သွားရင်တော့ ဘဝအတွက် ရင်လေးစရာပါပဲ။

ဘာလို့လဲဆိုတော့ ရိုးအတဲ့မိန်းကလေးက အမြဲတမ်းကံကောင်း တာဆိုလို့ ပုံပြင်ထဲမှာပဲရှိတယ်လေ။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** ခေတ်သစ် အသည်းကွဲဇာတ်လမ်း

အင်တာနက်ပေါ်မှာတွေ့
အင်တာနက်ပေါ်မှာ စကားပြော
အင်တာနက်ပေါ်မှာ ချိန်း
အင်တာနက်ပေါ် ချစ်စကားပြောကြတာတွေဟာ
တကယ်တော့
အမှောင်ခန်းထဲမှာ
တစ်ယောက်ကိုတစ်ယောက် မျက်စပစ်နေသလိုပဲ
ဘာမှလဲ အသေအချာမမြင်ရဘဲ
ကိုယ့်ဘာသာကိုယ် ကြည်နူးနေကြတာ။

××××××

Likes Unlike

Comment





**Feeling** မိန်းကလေးများ အားပါးတရထောက်ခံကြပါကုန်

ယောကျ်ားတွေဟာ တစ်ခါတလေတော့ ခက်တယ်။ မိန်းကလေးတွေက ချစ်သူရည်းစားတစ်ယောက်တည်းထားချင် တစ်ယောက်တည်းကိုလက်ထပ်ချင်ပေမယ့် ယောကျ်ားတွေက အဲ့ဒီလိုမဟုတ်ဘူး။

လက်ထဲမှာ အဖိုးတန်လေးအပိုင်ရထားရင်တောင်ကျန်တာကို လက်တည့်စမ်းချင် စိတ်ကစားချင်စိတ်က ရှိကြတုန်း။

တော်ရုံတင်းတိမ်နိုင်စိတ်က အချစ်ကိစ္စမှာနည်းလွန်းလှတယ်။

ဒါနဲ့ပဲ အဲဒီယောကျ်ားတွေဟာ ကိုယ်နဲ့မဆိုင်တာ မျက်စိကျရင်းကပဲ ကိုယ့်ရဲ့အဖိုးတန်ပစ္စည်းလေး ပျောက်ပျောက် သွားတတ်ကြတာလေ။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** မချစ်ဖူးရင် မမုန်းဘူး

ကမ္ဘာမှာ တစ်ဦးနဲ့တစ်ဦး မုန်းကြတဲ့အထဲ
ချစ်လို့မုန်းတာ အများဆုံးပါ။
ဒီလို မုန်းမိလို့ အသည်းကွဲကြရင်
အသက်ရှင်တဲ့သူတောင် ခပ်ရှားရှားရယ်။
အမှန်တော့
မချစ်တော့ရင် မုန်းနေဖို့လဲ သိပ်မလိုတော့ဘူး။
ဘာလို့လဲဆိုတော့ အချစ်ကိစ္စမှာ
ခွင့်မလွှတ်တတ်ရင်
လွတ်မြောက်ဖို့ သိပ်မလွယ်ဘူးလေ။

xxxxxx

Likes Unlike

Comment





**Feeling** ထောက်ခံပါတယ် ထောက်ခံပါတယ်

ကိုယ့်ကိုကိုယ်တောင်
သိပ်ကြိုက်လှတာမဟုတ်ဘူး။
အုပ်ချုပ်ရေး မကြိုက်ဘူး
အတိုက်အခံ မကြိုက်ဘူး
SuperMan မကြိုက်ဘူး
P.S: I Love U မကြိုက်ဘူး။
အနိုမ်ခံရတာ မကြိုက်ဘူး
လူယုတ်မာ မကြိုက်ဘူး
သာမန်လူလည်း မကြိုက်ပြန်ဘူး။
ကြိုက်စရာမရှိတဲ့ဟာကို
ရှာကြံကြိုက်နေရတဲ့ဘဝ။

xxxxxx

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** အကြည့်များတာပါ

တောက် ! ! !
ဆံပင်တွေကလဲ
အရင်တုန်းက အရှည်ထားရင်
ဖြောင့်စင်းနေတာ။
အခုပြန်ထားမှ
ဆံပင်က ရန်ဖြစ်တတ်တဲ့အဘွားကြီး
ဆွဲထားတဲ့ ထဘီအနားစလိုပဲ
တဖြည်းဖြည်း လန်လန်တက်လာတာ
ကိုယ့်ဆံပင်ကိုယ် ပြန်ပြောပါတယ်။

××××××

Likes Unlike

Comment





**Feeling** 'အလိုရှိသူများအတွက် ကြော်ငြာ'

ကိုယ်တိုင် ဦးဆောင်နိုင်စွမ်းရှိသည်။
ကိုယ်တိုင်ငွေရှာနိုင်ပြီး စီမံခန့်ခွဲနိုင်သည်။
တံမြက်လှည်း၊ အမှိုက်သိမ်းမှအစ
အိမ်မှုကိစ္စ နိုင်နင်းပြီး
ထမင်းဟင်း ကိုယ်တိုင်ချက်ပြုတ်တတ်ကာ
အဝတ်များလည်း ကိုယ်တိုင်လျှော်ဖွပ်တတ်သည်။
ကလေးများအားလည်း ချစ်တတ်သည့်အပြင်
မိန်းကလေးများကိုလည်း သနားကြင်နာတတ်သည်။
ဘာသာရေးကိုလဲ မေ့မထားဘဲ
စိတ်ကောင်းရှိ၍ ပတ်ဝန်းကျင်နှင့် အဆင်ပြေပြီး
မာန်မာနမထားဘဲ လွန်စွာရိုကျိုး၍
လူချစ်လူခင်လည်း ပေါများသည်။
ထိုသူ၏အမည်မှာ 'လူပျိုကြီး'ဖြစ်သည်။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** ရည်းစားထားခြင်း၏အကျိုး

လူတွေက ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်တဲ့သူထက် ရထားတဲ့ဘဝကို မကျေနပ်တဲ့သူက ပိုများကြတယ်။

ဘာလို့များ ဒီလိုဖြစ်တာပါလိမ့်။

သိချင်လား . . .

ချစ်သူရည်းစား တစ်ခါလောက် ထားကြည့်။

အဲဒီအခါမှဘဝမှာ ကိုယ့်ကိုကိုယ်ပျော်အောင်လုပ်ရတာ ထက်အခြားသူတွေကို ပျော်အောင်လုပ်ရတာ ပိုလွယ်ကူကြောင်း သိသွားမယ်လေ။

ဒါမှလဲ ဘဝဆိုတာ သူများတွေအတွက်ပျော်စရာကောင်း မှန်းသိပြီးကိုယ့်ကိုကိုယ် အပြစ်တင်တတ်မှာလေ။

××××××

Likes Unlike

Comment





**Feeling** လူမှားခြင်း

မိန်းကလေးတွေမှာ မငိုဘူးတဲ့မျက်လုံးက ဆွဲဆောင်မှုမရှိ နိုင်ဘူးတဲ့။

ဆွဲဆောင်မှုမရှိတဲ့မိန်းကလေးဟာ ငါးစာမပါတဲ့ ငါးမြှား ချိတ်လိုပဲရေထဲသာချထားတာ ဘာငါးမှမမိဘူး။

ကြာရင် သံချေးတက်တာသာ အဖတ်တင်တယ်။

မယုံရင် အပျိုကြီးတွေ ကြည့်ပါလား။

သူတို့တွေဟာ အချစ်ကိစ္စနဲ့ မငိုတတ်လို့ သံချေးတက်ကုန် တာ။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** ဖော်ကောင်

ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ချစ်တဲ့အကြောင်း ရဲရဲတင်းတင်းပြောပြီဆို မိန်းကလေးတွေက ကြည်နူးတတ်ကြပါတယ်။

အမှန်တော့ အဲဒီယောကျ်ားလေးဟာ တကယ်ချစ်တာ မဟုတ်ဘဲ ဒီလိုပြောဖို့ အတွေ့အကြုံရှိနေတာလဲ ဖြစ်နိုင်ပါတယ်။

ဒါကြောင့် အဲဒီလိုယောကျ်ားမျိုးနဲ့ကြုံရင်အချစ်အကြောင်း ဘယ်တော့မှ မငြင်းခုန်ပါနဲ့။ သူတို့အချစ်က အလိမ်အညာဖြစ်တဲ့ အတွက်အလိမ်အညာစကားတွေပဲ ကြားရမယ်လေ။

××××××

Likes Unlike

Comment





**Feeling** Catဖော်မြူလာ

မိန်းကလေးတွေဟာ တစ်ခါတစ်ရံ ကြောင်လေးတွေနဲ့ တူတယ်သိလား။ သူတို့ဟာ ကိုယ်ခိုင်းတာထက် သူတို့လုပ်ချင်တာ ပေးလုပ်လိုက်တာ ပိုလွယ်တယ်။ သူတို့ကိုကိုယ့်အနားအမြဲရှိစေ ချင်ရင် ကိုယ့်ဆီမှာ သူတို့စိတ်ဝင်စားတဲ့အရာတစ်ခု ရှိကို ရှိနေ ရမယ်။

အဲအနားရောက်ရင်လဲ ဒီအတိုင်းနေလို့မရဘူးနော်ကျော လေးသပ် ခေါင်းလေးပုတ် မေးလေးပွတ်ပေးနေမှ ငြိမ်တာ။

အဲကိုယ်လိုရာကို ခေါ်သွားချင်ရင်တော့ ဂုတ်ကသာ ဆွဲ သွားဗျို့။ အဲဒါမှ သူတို့လှုပ်မရ ကုပ်မရနဲ့ဒီအတိုင်း ပါလာမှာ။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** ဥဥတို့ဘဝ

အရင်ခေတ်ကတော့ ပြောကြတာပေါ့လေ
ဆူးပေါ်ဖက်ကျလဲ ဖက်ပေါက်
ဖက်ပေါ်ဆူးကျလဲ ဖက်ပေါက်။
အခုခေတ်ကျတော့ အဲလိုမဟုတ်တော့ဘူး။
ကျောက်ပျဉ်နဲ့ ဘဲဥလိုပဲ။
ကျောက်ပျဉ်ပေါ် ဘဲဥကျလဲ ဘဲဥကွဲ
ဘဲဥပေါ် ကျောက်ပျဉ်ကျလဲ ဘဲဥပဲကွဲတာပဲလေ။

××××××

Likes Unlike

☐ ☐

Comment

........................................................................

........................................................................

........................................................................

........................................................................

........................................................................





**Feeling** နှစ်ခါမှား

အချစ်ဆိုတာ လူနှစ်ဦးကျူးလွန်တဲ့ မိုက်မဲမှုကစတင်ပါသတဲ့။

အိမ်ထောင်ပြုခြင်းကတော့ ကျေနပ်မှုပေးတဲ့ မိုက်မဲတဲ့လုပ်ရပ်လို့ဆိုကြပြန်တယ်။

ဒါကြောင့် ဘဝမှာ တစ်ခါပဲအမှားခံမယ်ဆိုတဲ့အထဲမှာ အိမ်ထောင်သည်တွေ မပါဘူး။

သူတို့က အလိုလို နှစ်ခါမှားပြီးသားတွေလေ။

××××××

Likes Unlike

☐ ☐

Comment

........................................................................

........................................................................

........................................................................

........................................................................

........................................................................



www.burmeseclassic.com

www.burmeseclassic.com



**Feeling** ကာတင်ရိုက်မယ်

မိန်းကလေးတစ်ယောက်ဟာ တခြားမိန်းကလေးတွေကို ယောကျ်ားတွေစိတ်ပျက်သွားအောင် မသိမသာ အလုပ်နိုင်ဆုံးပါပဲ။

ဘယ်လောက်ထိ စိတ်ပျက်စရာကောင်းအောင် လုပ်နိုင်သလဲဆို ပြောတဲ့စကားကိုက ကြည့်

'မင်းကို မြင်ပြီးကတည်းက ကျန်တဲ့မိန်းမ ဘယ်မိန်းမမှ စိတ်မဝင်စားတော့ဘူးကွာ'

ကဲ မိန်းကလေးတစ်ယောက်အတွက်နဲ့ အခြားမိန်းကလေးတွေကို ယောကျ်ားတွေ ဘယ်လောက်စိတ်ပျက်သွားလဲ စဉ်းစားကြည့်။

××××××

Likes Unlike

Comment





**Feeling** ဘုတ်အုပ်ထဲရေးခဲ့ဖူးသည့် စာတစ်ကြောင်း

မိန်းမတွင် အရွယ်သုံးပါးရှိသည်။

(၁) ပထမအရွယ်

မိဘမောင်ဘွားများအား ဒုက္ခပေးသောအရွယ်

(၂) ဒုတိယအရွယ်

လင်ယောကျ်ားအား ဒုက္ခပေးသောအရွယ်

(၃) တတိယအရွယ်

သားမက်နှင့်ချွေးမအားဒုက္ခပေးသောအရွယ်

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



Feeling သနားလို့

ဒီအချိန် ဒီရာသီဆို သိပ်အမြင်ကပ်ဖို့ကောင်းတယ်။

မဂ္ဂဇင်းတွေ ဂျာနယ်တွေ ရုပ်သံတွေကအစ ရောက်လာပြီး

'ဆရာ ဝါဝင်တော့မယ်နော်'တဲ့။ ဒါပဲ လာမေးတယ်။ အေးလေ ဝါဝင်တာသူ့ဟာသူအချိန်ကျလို့ဝင်တာ ကိုယ်စင်ခိုင်းလို့ရတာလဲမဟုတ်။

ဝါထွက် တစ်ခါလာကြဦးမယ်

'ဆရာ ဝါကျွတ်ပြီနော်'

ဝါကျွတ်တာလဲဗျာ ဟိုးအရင်ထဲက ကျွတ်လာတာပဲ ကိုယ်ချွတ်မှ ကျွတ်တာလဲ မဟုတ်။

မခံနိုင်လို့ ကောက်ယူလိုက်မှ မိန်းမတစ်ယောက်ငရဲကျနေဦးမယ်။

ဟင်း . . .

××××××

Likes Unlike

Comment





Feeling ဉာဏ်စမ်း

အပျင်းပြေဉာဏ်စမ်းပုစ္ဆာလေးတစ်ခုပါ။

၁ မှ ၉ အထိ ကြိုက်နှစ်သက်ရာဂဏန်းတစ်ခုကို သင့်စိတ်ထဲက မှတ်လိုက်ပြီးလျှင် သင်မှတ်ထားသောဂဏန်း ကို (၉) ဖြင့်မြှောက်လိုက်ပါ။

ရလဒ်သည် ဂဏန်းနှစ်လုံးဖြစ်နေပါက ထိုနှစ်လုံး ပြန်ပေါင်းပါ။

ရလဒ်အဖြေထဲက (ငါး) ပြန်နှုတ်ပါ။

အကြွင်းမှာ (လေး)ဂဏန်းဖြစ်နေကြောင်း သင် အံ့သြစွာ တွေ့မြင်နေရမည်။

၁ မှာ A ဖြစ်ပါက သင်၏အဖြေ

www.burmeseclassic.com



- ၄ သည် D ဖြစ်ပါသည်။

ထို့ကြောင့် D နှင့်စသော နိုင်ငံတစ်ခုကို ရွေးလိုက် ပါ။

သင်ရွေးလိုက်သောနိုင်ငံမှာ လိမ္မော်ရောင်လွှမ်းသော ဒိန်းမတ်နိုင်ငံဖြစ်နေပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် D နှင့်ပတ်သက်ပြီး ဒိန်းမတ်နိုင်ငံလောက်သာ သင်မှတ်မိတော့၍ဖြစ်သည်။

××××××

Likes Unlike

Comment





Feeling ငုံးသွားပုံက

တောဘုရင် ခြင်္သေ့ကြီး မင်္ဂလာဆောင်သတင်းကြား ရော ကြွက်က ထကတယ်။

'ဟေး ပျော်တယ်ဟေ့ ပျော်တယ်ဟေ့'

ကြွက်ကိုကြည့်ပြီး အားလုံး အံ့အားသင့်ကြတယ်ပေါ့။ ဒါနဲ့ပဲ 'ဟေ့ကောင် ခြင်္သေ့ကြီးမင်္ဂလာဆောင်တာ မင်းကဘာကြောင့် ဒီလောက်ပျော်နေရတာလဲ'ဆိုတော့ ကြွက်ကလှည့်ပတ်ကရင်း

'ငါ့အစ်ကို မင်္ဂလာဆောင်ပဲ ငါပျော်လို့ကတာ၊ ဟေး ပျော်တယ်ဟေ့ ပျော်တယ်ဟေ့'ဆိုတော့ အားလုံး အံ့အားသင့် သွားတယ်။ ဒါနဲ့ 'ဟုတ်မှတ်လဲလုပ်စမ်းပါကွာ၊ ဟိုကခြင်္သေ့ မင်းက ကြွက် ဘာဆိုင်လို့လဲ'ဆိုတော့ ကြွက်က

'မင်းတို့ဘာသိလဲ ငါလဲ မင်္ဂလာမဆောင်ခင် ခြင်္သေ့ပဲကွ၊ မင်္ဂလာဆောင်ပြီးမှ ကြွက်ဖြစ်သွားတာ'

'ဟေး ပျော်တယ်ဟေ့ ပျော်တယ်ဟေ့'

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** ခွေးဆိုးကြီးကို အားပေးကြပါကွယ်

လူတစ်ယောက်၏အိမ်ရှေ့ လူအများတန်းစီနေကြ သည်။ ခင်မင်သူက မေးသည်။

'ဟာ ခင်ဗျားအိမ်ရှေ့ လူစည်လှချည်လား။ ဘာဖြစ် လို့လဲ'

အိမ်ရှင်က ရှင်းပြသည်။

'ယောက္ခမ ဆုံးသွားလို့လေ'

မေးသူက အံ့အားသင့်သွားသည်။

'ဟင် ခင်ဗျားယောက္ခမ ဒီလောက် လူချစ်လူခင် မပေါပါဘူး။ သူ့အတွက်ကြောင့်ဆို လူတွေ ဒီလောက် တန်းစီမယ် မထင်ပါဘူး။ ဒါနဲ့ သူက ဘာလို့ဆုံးတာလဲ'

အိမ်ရှင်က ခပ်တည်တည်ပင်

'အိမ်ကခွေး ပြန်ကိုက်လိုက်လို့'

မေးသူမျက်လုံး ဝင်းလက်သွားသည်။ နောက်အသံ တိုးတိုးဖြင့် -

'အဲဒီခွေး ငှားလို့ ရမလား'

'တန်းစီလေ'

××××××

Likes Unlike

☐ ☐

Comment





**Feeling** ခံရခြင်းပြီ ဟုတ် !

ကမ္ဘာပေါ်တွင် ထူးဆန်းသော ဒြပ်ပေါင်းတစ်မျိုး ပျံ့ဝဲနေသည်ကို သင်သိပါသလား။ ထိုဒြပ်ပေါင်းသည် လျှင်မြန်သောအရှိန်နှင့် ရွေ့လျားနေ၍ မမြင်ရနိုင်ပါ။ ထူးဆန်းသည်က ထိုဒြပ်ပေါင်းသည် လူတွေအပေါ် သက်ရောက်မှု ရှိစေပြီးလူတို့၏ စိတ်ကို ထူးဆန်းစွာ ပြောင်းလဲစေပါသည်။ ထိုဒြပ်ပေါင်းမှာ မိန်းမများအပေါ် သက်ရောက်ပါက သက်ရောက်ခံရသည့် မိန်းကလေးမှာ ဉာဏ်အလွန်ကောင်းပြီး ကံကောင်းခြင်းဆုလာဘ်များ ရရှိချိန်လဲဖြစ်ပါသည်။ သို့သော် ထိုဒြပ်ပေါင်းသည် ယောက်ျားလေးများအပေါ် သက်ရောက်ပါက ယောက်ျားလေးများသည် ဉာဏ်တုံးသွားပြီး ကံဆိုးခြင်းကို ကိုယ်တိုင်သယ်ဆောင်ချိန်လဲ ဖြစ်သည်။

ထိုအချိန်သည် ထိုနှစ်ယောက် မင်္ဂလာဆောင်ချိန်လဲ ဖြစ်သည်။

××××××

Likes Unlike

☐ ☐

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** ကြွား

အကြည်တော်နှင့် သူချစ်သူတို့

အပန်းဖြေခရီးအနေဖြင့် ချောင်းသာသို့ ထွက်ကြ သည်။

တပျော်တပါး ရေကူးကစားပြီး ဟိုတယ်ခရှင်းရာ ငွေနှစ်သောင်းကွာနေသည်ကို တွေ့ရလေရာ

'ဟေ့ မန်နေဂျာ လုပ်ဦး ငွေက နှစ်သောင်းတောင်ကွာနေပါ့လား'

မန်နေဂျာက ဘောက်ချာစာရွက်ယူကြည့်ပြီး

'ဘယ်မှာကွာလို့လဲ မကွာပါဘူး'

'ဒီမှာလေကွာ ဟိုတယ်ခက တစ်သောင်းပဲလေ ကျန်တဲ့နှစ်သောင်းက'

မန်နေဂျာက ပြုံးလိုက်သည်။ ပြီးနောက် ရှင်းပြ သည်။

'ဒီလိုပါဆရာ တည်းခိုခက တစ်သောင်းဆိုပေမယ့် ငွေဆောင်ကိုသွားတဲ့ကားခက နောက်တစ်သောင်းပါ'

အကြည်တော် မျက်လုံးပြူးကာ

'ဟင် ငွေဆောင်ကို ငါမှ မသွားတာ'

မန်နေဂျာ ပြုံးလိုက်ပြီး

'သွားတာမသွားတာ ဆရာတို့အလုပ်ပါ။ ဒါပေမယ့် ကျွန်တော်တို့ကားက မနက်မိုးလင်းတာနဲ့ သောင်ပြင်မှာ အဆင်သင့်ပါပဲ'

'ကဲ ထားပါဦး နောက်တစ်သောင်းက'

'နောက်တစ်သောင်းက သဲဖြူကျွန်း အသွားအပြန် မော်တော်စီးခပါ'





'ဟင် ဒါလဲ ငါတို့မှ မစီးတာ'

'စီးတာ မစီးတာ ဆရာတို့အလုပ်ပါ ဆရာ။ ဒါပေ မယ့် ကျွန်တော်တို့ဘက်က မနက်မိုးလင်းတာနဲ့ သောင်ပြင်ပေါ် မော်တော်အဆင်သင့်ရှိပါတယ်'

အကြည်တော် ခေါင်းညိတ်လိုက်သည်။

'ဪ ဒီလိုကြေးလား'

မန်နေဂျာက ပြုံးပြီး

'ဒီလိုကြေးပါပဲဆရာ'

'ဒီလိုဆို မင်းတို့ ငါ့ကို ငါးသောင်းပြန်ပေး'

'ဗျာ ဘာလို့လဲဆရာ'

'ငါ့ရည်းစားကို လက်ရောက်မှု'

မန်နေဂျာ မျက်လုံးပြူးသွားပြီး

'ဟာ ဆရာ့ကောင်မလေးကို ကျွန်တော် ဘာမှ မလုပ်ဘူးနော်'

'လုပ်တာမလုပ်တာ မင်းအပိုင်းလေ။ ငါ့ရည်းစားလဲ မနက်မိုးလင်းတာနဲ့ သောင်ပြင်ပေါ် ဘီကီနီနဲ့ အဆင်သင့်ရှိနေတာပဲ။ လာထား ငါးသောင်း'

Likes ☐ Unlike ☐

xxxxxx

Comment

........................................................

........................................................

........................................................



www.burmeseclassic.com

www.burmeseclassic.com



Feeling - ဟာသသာ ဖြစ်ပါသည် -

ယောကျ်ားဖြစ်သူအတွက် မိန်းမက ဖိနပ်လိုက်ဝယ်ပေးသည်။ ဖြစ်ချင်တော့ ယောကျ်ားက လူကောင်သာသေး ပြီး ခြေထောက်က မတရားကြီးနေ၍ သူ့ခြေထောက်နှင့် တော်သော ဖိနပ်ဆိုဒ်မရှိ။ ထို့ကြောင့် စိတ်ပျက်လက်ပျက် ညည်းရှာသည်။

'အေးကွယ် ငါငယ်စဉ်က ဖိနပ်မပါဘဲ တောတိုးခဲ့လို့ ထင်တယ် ခြေထောက်နှယ် ကြီးလိုက်တာ'

ထိုစကားကြားတော့ မိန်းမဖြစ်သူက စိတ်ဆိုးမာန်ဆိုး ထအော်သည်။

'ဒါဆို ရှင်ငယ်ငယ်က လုံချည်မဝတ်ဘဲ ဘာလို့တော မတိုးခဲ့တာလဲ'

××××××

Likes Unlike

Comment





Feeling ပုံ/ငါတွေ့

မိန်းမက ယောကျ်ားကို မေးသည်။

'ရှင့်ရဲ့ လုပ်အားခ ဘယ်လောက်ရှိသလဲ'

ယောကျ်ားက ဖြေသည်။

'လုံခြုံတာထက် ပိုပါတယ်'

ပြီးနောက် ပြန်မေးပါသည်။

'မင်းရဲ့အလှက ဘယ်လောက်ထိခံနိုင်မှာလဲ'

မိန်းမက ဖြေသည်။

'ရာသက်ပန်ပေါ့ရှင်'

အဖြေများသဘောကျ၍ လက်ထပ်ရန်သဘောတူကြသည်။

www.burmeseclassic.com



မကြာခင် တစ်ဦးကိုတစ်ဦး စိတ်ပျက်၍ စိတ်ပျက်ခြင်းများစွာဖြင့် ဘဝကို စိတ်မကောင်းကြီးစွာ ဖြတ်သန်းရလေသည်။

အဘယ်ကြောင့်ဆိုသော် ထူးဆန်းပါသည်။ လူတွေ ၏ အထင်မှားခြင်း အစစ်အမှန်ပင်။

ယောကျ်ားများသည် မိန်းကလေးများနှင့်တွေ့ပါက ပို၍ လိမ်တတ်ပြီး

မိန်းကလေးများသည် ယောကျ်ားများနှင့်တွေ့သော အခါ ယုံကြည်မှုလွန်ကဲခြင်းကြောင့်ပင်။

××××××

Likes Unlike

☐ ☐

Comment

..............................................................................

..............................................................................

..............................................................................

..............................................................................

..............................................................................



Feeling ရ ရပါစေမယ်

ဂျပန်နိုင်ငံသို့ ခေတ္တသွားမည့် မိန်းမက ယောကျ်ားဖြစ်သူတို မေးသည်။

'ဂျပန်က ရှင်ဘာမှာမလဲ'

ယောကျ်ားဖြစ်သူက စပ်ဖြဲဖြဲနှင့်

'ဂျပန်မ ချောချောလေးတစ်ယောက်လောက်'

မိန်းမက မကျေနပ်၊ သို့သော် ဘာမှမပြော။ လေဆိပ်ထိုက်ပို့တော့ မိန်းမက မေးပြန်သည်။

'ယောကျ်ားရေ ရှင်ကျွန်မဂျပန်ကပြန်လာရင် ဘာမှာမလဲ'

ယောကျ်ားက ထုံးစံအတိုင်းပင် စပ်ဖြဲဖြဲနှင့်

'ဂျပန်မ လှလှလေးပါဆိုနေ'

မိန်းမက ဘာမှမပြောတော့။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ရောက်တော့ မိန်းမက ဖုန်းဖြင့်မေးသည်။

'ယောကျ်ားရေ ကျွန်မ ဂျပန်ကပြန်လာတော့မှာ လိုတာရှိ ပြောနော်'

အဖြေက မပြောင်းလဲ

'မှာပြီးသားလေ ဂျပန်မ လှလှလေးပါဆို'

မိန်းမက ဖုန်းချသွားသည်။

မိန်းမ ပြန်လာတော့ လေဆိပ်သွားကြိုကာ မနေနိုင် မထိုင်နိုင် အလောတကြီးမေးသည်။

'ဘယ့်နှယ်လဲ မိန်းမ ကိုယ်မှာလိုက်တဲ့ ဂျပန်မ လှလှလေး ပါလာတယ်မဟုတ်လား'

မိန်းမက ခပ်တည်တည်ခေါင်းညိတ်ပြီး

'အင်း ပါလာတယ်။ ဒါပေမယ့် ဂျပန်မလေးလား ဂျပန် လေးလားဆိုတာတော့ အကျမ်ဖြာဆောင်းရိုက်ကြည့်မှ သိရမယ်'

××××××

Likes Unlike

Comment



**Feeling** အောက်စီဂျင်

လူတစ်ဦး ပန်းခြံထဲ ငေးငိုင်နေသည်။

ထိုစဉ် လူပုံသဏ္ဍာန်အကောင်သေးသေးကလေး တောင်ပံ လေးနှင့် ပျံလာသည်ကို အံ့အားသင့်စွာတွေ့လိုက်ရသည်။ ထို့ကြောင့် . . .

'မင်း ဘယ်သူလဲ'

'ကျုပ်က ခင်ဗျားတို့လို လူပျိုတွေ လူပျိုကြီးတွေကို မိန်းမ ရအောင် အကျိုးဆောင် နေတဲ့မြားနတ်မောင်'

ထိုသူ ဝမ်းသာသွားသည်။ ထို့ကြောင့်

'အေး ငါလည်း ပျင်းနေတာနဲ့အတော်ပဲ။ မိန်းမလှ လေးတစ်ယောက်လောက်နဲ့ အိမ်ထောင်ကျရရင် မဆိုးပါဘူး'

မြားနတ်မောင်က သူ့မြှားသေးသေးလေးထုတ်ပြီး

'ရတယ်လေ ဘယ်သူ့ကြိုက်လဲ ဆိုတာပြော ကျုပ် လှုပ်ရှား ပေးမယ်'

'ဘယ်သူ့ကြိုက်လဲဆိုရင်အင်းးးဒါနဲ့နေပါဦး မင်းမှာရော မိန်းမရှိလား'

'ဘာဗျ မိန်းမယူရအောင် ကျုပ်က အရူးမှ မဟုတ်တာ'

Comment

××××××

Likes Unlike

Comment

www.burmeseclassic.com

www.burmeseclassic.com



**Feeling** လူစု

မိန်းမတစ်ယောက်
အိမ်ထောင်ပြုခြင်းသည်
လူအများစု အာရုံစိုက်ခံရမှုကို
ယောကျာ်းတစ်ယောက်၏
ဂရုမစိုက်မှုနှင့် လဲလှယ်လိုက်ခြင်းပင်။
ကဲ အဲလိုရေးရင်လဲ ဘဝတူတွေ လူစုတယ်ဖြစ်ဦးမယ်။

××××××

Likes Unlike

Comment



**Feeling** ကိုင်းကောပြီ

လူပျိုကြီးဆိုသည်မှာ . . .
အရာရာပိုင်ဆိုင်နိုင်ပြီး
ပိုင်ဆိုင်မှု
ဘာမှလက်ဆုပ် လက်ကိုင်မပြနိုင်သော
လူတန်းစားတစ်ရပ်။

အပျိုကြီးဆိုသည်မှာ . . .
လက်ထဲ လေးကိုင်းရှိပါလျက်
ဘယ်မြှားတစ်ချောင်းမှ မဆွဲရပဲ
ကိုယ့်ကိုကိုယ် သူရဲကောင်းထင်နေသူ။

မှတ်ချက်။ မဟုတ်ဘူးပြောသူများနှင့် ရန်ဖြစ်ရန် အသင့်။

××××××

Likes Unlike

Comment

www.burmeseclassic.com

www.burmeseclassic.com



Feeling လူမျိုးကြီးဒဿန

လူတွေဘာလို့ အိမ်ထောင်ပြုကြတာလဲ ဟုတ်လား။

ကမ္ဘာမှာ ရှိရှိသမျှ အခွင့်အရေးတွေထဲမှာ တစ်ကြိမ်တစ်ခါ မှားခွင့် အခွင့်အရေးက လူတွေနဲ့ လက်လှမ်းအမီဆုံးမို့ပါ။

အချစ်ဆုံးချစ်သူနဲ့ အရိပ်က အတူတူပဲလို့ ဆိုလိုချင်တာလား။ ဟုတ်ပါလိမ့်မယ်။

အချစ်ဆုံးချစ်သူကလဲ အရိပ်လို ကိုယ်သွားရာနောက် တကောက်ကောက် လိုက်နေပါလိမ့်မယ်။

ဒါပေမယ့် အရိပ်ကိုတော့ အလှပြင်ပစ္စည်း မဝယ်ပေးရဘူး။

မိန်းမတွေကဘာကြောင့် ချစ်စရာကောင်းတာလဲ ပြောပြမှာပေါ့။



မိန်းမတွေက မှန်ရှေ့မှာတောင် ကိုယ့်ကိုကိုယ် မြှူးပြကြတယ်လေ။

ယောက်ျားနဲ့မိန်းမ ဘယ်သူဆုံးဖြတ်ချက်မြန်တာလဲ သိချင်တာလား။

ယောက်ျားက မြန်တာပေါ့။ စဉ်းစားကြည့်လေ။

ယောက်ျားနဲ့မိန်းမမှာ ချစ်စကား စပြောတာ ယောက်ျားတွေချည်း။

ဆုံးဖြတ်ချက် ဘယ်သူပိုမှန်လဲ ဟုတ်လား။

မိန်းမတွေက ပိုမှန်တာပေါ့ဗျ။

လိုက်မေးကြည့်လေ။

အိမ်ထောင်ကျပြီး နောင်တရတာလဲ ယောက်ျားတွေချည်း။

xxxxxx

Likes Unlike

☐ ☐

Comment

..................................................

..................................................

..................................................

..................................................

..................................................

www.burmeseclassic.com

www.burmeseclassic.com



Feeling ကာကွယ်ရေးကရိယာအဖြစ် အသုံးပြု၍ရကြောင်းအံ့ဩဖွယ်တွေ့ရှိ

ကျွန်တော့် ခြံထဲမှာ အရက်ပုလင်းတွေအပြည့်ပဲတဲ့။
လူတွေက သိလည်း မသိဘဲ အမနာပ ပြောကြ တယ်။
အမှန်တော့ မဟုတ်ပါဘူး။
တစ်ဝက်ပဲ ရှိပါတယ်။
တစ်ဝက်က ခြံစည်းရိုးကာလိုက်လို့ပါ။

××××××

Likes Unlike

Comment



Feeling ဆိုးပါပု

လူတွေက ကျွန်တော့်ကို လူဆိုးတဲ့။

အရက်ကလေး မဆိုသလောက်သောက်တတ်ရုံနဲ့ လူဆိုးလားဗျာ။

လူစုံရင် ဖဲရိုက်တာတို့ ဘောလုံးပွဲလောင်းတာတို့ ရှိရုံနဲ့ဗျာ ဒါ လူဆိုးလား။

ရံဖန်ရံခါ ကြက်ကလေးဘာလေး ရိုက်ချက်စားတာ

လိမ်တတ်တာလေးရှိတာပေါ့ ဒါလူဆိုးလားဗျာ။

မိန်းမ ရှုပ်တယ်ဆိုတာလဲ ရံဖန်ရံခါပါ။

နေ့တိုင်းလည်းမဟုတ်ပါဘူး ဒါ လူဆိုးလားဗျာ။

လူပဲဗျာ ဖြစ်နိုင်ရင် အာဏာလေးသိမ်းပြီး ပြန်မပေးချင်စိတ်ကလေးပဲရှိတာ လူဆိုးလားဗျာ။

ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မကြာခဏ ပြင်ဝတ် နေတာကို ပြောကြတယ်ဗျာ လူဆိုးတဲ့။

ကျွန်တော် ဘယ်မှာဆိုးလို့လဲဗျာ။

××××××

Likes Unlike

Comment

www.burmeseclassic.com

www.burmeseclassic.com



Feeling စားမြုံ့ပြန်တာ

ရွှေမိုးသည်း
ညီမလေး
သတိရခြင်းတွေသာ ကြဖြန့်လိုက်ရင်
အခုရွာနေတဲ့မိုးစက်
မျက်ရည်စက်လက် ဖြစ်သွားလောက်ရဲ့။

××××××

Likes Unlike

Comment



Feeling ကလေးစကား

ကလေးတွေဆီက ကြားတာပါ။

ပျိုးမြစ်တုန်းမိန်းကလေးများက ဘောလုံးနဲ့တူသတဲ့ တွေ့တဲ့လူတိုင်း လုနေကြတယ်လေ။

အနည်းငယ်ကြီးရင့်သွားတဲ့မိန်းကလေးက ဘော်လီဘောဖြစ်သွားရော။ ကိုယ့်ဆီပြန်ရောက်ရင် ပုတ်ထုတ်ကြတယ်။ ဒါပေမယ့် မြေပေါ်မကျအောင် ထိန်းထားကြတုန်း။

အဲဒီထက်ပိုကြီးသွားတဲ့မိန်းမကြတော့ ဂေါက်သီးနဲ့ တူပါသတဲ့။ တွေ့တဲ့သူက ဂေါက်သီးလိုသဘောထားပြီး ကိုယ်နဲ့ဝေးရင်ပြီးရောဆိုပြီး ခပ်ဝေးဝေးရောက်အောင် ရိုက်ထုတ်ကြတော့တာလေ။

ကဲ အမိတို့က ဘယ်အရွယ်တွေတုန်း။

××××××

Likes Unlike

Comment

www.burmeseclassic.com

www.burmeseclassic.com



**Feeling** ကိုင်း မွှားပြီ

ယောက်ျားလေးတွေဟာ ဖျံမြစ်နေဖျံတုန်းမှာ ဘိုးလင်းအားကစားသမားနဲ့တူတယ်။ ပစ်မှတ်ရှိတယ် ထိအောင်ပစ်ဖို့ လိုမှ်ပစ်ကြတယ်။ ဒါပေမယ့် များများထိလေ အမှတ်ပိုရလေ။

နည်းနည်းကြီးသွားတော့ ဘိလိယက်ကစားသမား လိုပဲ မြင်မြင်သမျှကို တွင်းကရာကျင်းထဲ ထိုးထည့်ချင်နေ တော့တာ။

ကျွန်တော်တို့အရွယ်ကျ သိလား။ ဘောလုံးသမားလို ပြန်ဖြစ်ပြန်ရော။ သူများခြေထောက်အောက်ကပစ္စည်းတောင် ကိုယ့်ပစ္စည်းဖြစ်အောင် မနည်းလိုက်လုနေရတယ်လေ အဟင့်။

xxxxxx

Likes Unlike

Comment





**Feeling** အလွမ်းဂွမ်းဂွမ်း

မိုးရွာတော့လဲ လွမ်းလိုက်တာ။
နေပူတော့လည်း လွမ်းတာပါပဲလေ။
ကလေးတွေ မိုးရေဆော့တာမြင်တော့ ပိုလွမ်းတာပေါ့။
ခွေးမဲကြီး မိုးခိုတာမြင်တော့လဲ လွမ်းတာပဲ။
ဈေးထဲမှာ လူစည်နေတော့ ပိုလွမ်းတယ်။
ကော်ဖီပူပူကို တစ်ယောက်တည်း အထီးကျန်စွာ
သောက်ရချိန်ဆို လွမ်းလွန်းလို့
သေတောင်သေသွားမလားပဲ။
တကယ်ပြောတာပါ
ဩော် လွမ်းတာတော့ လွမ်းတတ်နေပြီ။
ဘယ်သူ့ကိုလွမ်းရမှန်းမသိသေးတာပဲ ခက်တယ်။

xxxxxx

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



Feeling ငါကွ

မိန်းမတွေရဲ့အလှက အသိဉာဏ်ထက်ပိုပြီး တန်ဖိုးရှိတယ်ဆိုရင် ကမ္ဘာမှာမျက်စိကန်းတဲ့ ယောကျ်ားထက် တုံးအတဲ့ယောကျ်ား ပိုများလို့ပဲ။

ဒါပေမယ့် မိန်းမတွေရဲ့ အလှအပသာမရှိရင် ယောကျ်ားတွေရှာထားတဲ့ပိုက်ဆံဟာ အလကားပဲ။

ဒါကြောင့် တုံးအတဲ့ယောကျ်ားတွေက ပိုချမ်းသာ တယ်လေ။ ဘာကြောင့်လဲဆိုတော့ တုံးအတဲ့ယောကျ်ားက မိန်းမလှလေးရဖို့ ငွေပိုရှာရတာကိုး။

ကိုင်း ဘာတတ်နိုင်သေးတုန်း။

ကိုယ့်မှာ မိန်းမလှလဲမရှိ ပိုက်ဆံလဲမရှိတော့ ထောပြီ။

××××××

Likes Unlike

Comment





Feeling ဟီး ဟီး ပျော်စရာကြီး။

ကျွန်တော်သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုး ကောန်အမှန်ဖြစ်သည့်အလျောက် ရလာသောပိုက်ဆံအား သုံးပုံ ပုံပါသည်။

ပြီးနောက် အကျိုးရှိစွာ အသုံးချပါသည်။

ပထမတစ်ပုံကို သုံးပါသည်။

ဒုတိယတစ်ပုံကို ဖြုန်းပါသည်။

ကျန်သည့်တစ်ပုံကို ဘယ်သူ့ကိုမှ မပေးပါ။

သို့သော် ကုသိုလ်ကောင်းမှုအနေဖြင့် တောမှတက် လာသော တောသားငတုံးတစ်ကောင်ကို ပြည့်စုံအောင် ပြုစုပေးထားပါသည်။

ဖြစ်ချင်တော့ ထိုငတုံးမှာ ကျွန်တော်ပင် ဖြစ်နေခြင်းပင်။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



Feeling ဒါဟာကိုယ့်ရဲ့အားနည်းချက်ပါ

မိန်းမယူလိုက်ရတာ ပြဿနာမရှိပါဘူး။

ကိုယ်တစ်ယောက်ယူလိုက်ရင် ကျန်တဲ့မိန်းမတွေကို အလိုလို နေရင်း အားနာနေမိတာ ပြဿနာ။

မိန်းမယူလိုက်ရတာ ပြဿနာမရှိပါဘူး။

ကိုယ်တစ်ယောက်ယူလိုက်ရင် အဲဒီတစ်ယောက်ပဲ ငရဲကျပြီး ကျန်တဲ့မိန်းမတွေ လွတ်ငြိမ်းချမ်းသာခွင့်ရသွားမှာ မမြင်ချင်တာ ပြဿနာ။

မိန်းမ မယူချင်လို့မဟုတ်ပါဘူး။

ဒီလိုပဲ အကြောင်းပြချက်ရှာရင်း အသက်ကြီးကြီးသွားတာ ပြဿနာ။

မိန်းမ မယူချင်လို့တော့ မဟုတ်ပါဘူး။

Likes ☐ Unlike ☐

××××××

Comment





Feeling ဟားခလုတ်

ခေတ်ကာလသားသမီးနှစ်ယောက် အိမ်ထောင်ကျ ပြီး တစ်နေ့၌ စကားများရန်ဖြစ်ပြီးနောက် ယောကျ်ားဖြစ်သူ သေဆုံးသွားလေသည်။ ရဲများက လာရောက်စစ်ဆေးရာ ဘာဒဏ်ရာမှမတွေ့။ သို့လော သို့လော တွေးကြသည်။

နောက်ဆုံး ကာယကံရှင်ကိုမေးမှ အဖြေသိရမှာမို့ မေးကြသည်။

'ခင်ဗျားယောကျ်ား ခင်ဗျားနဲ့စကားများပြီး သေသွားတယ်ဆိုတာ ဟုတ်လား'

မိန်းမက ခပ်တည်တည်ပင်

'ဟုတ်တယ်'

ရဲများ မျက်မှောင်ကျုံ့ကုန်၏။

'ဘာဒဏ်ရာမှလည်း မတွေ့ပါလား ဘယ်လိုသေ တာလဲ'

'သူ့အပေါ် ကျွန်မကျေပွန်ခဲ့တဲ့ မယားဝတ္တရားငါးပါး ကို ပြောပြလိုက်တာလေ'

'အဲဒီတော့'

'ရယ်လွန်ပြီး အူတက်သေတာပေါ့'

Likes ☐ Unlike ☐

××××××

Comment



www.burmeseclassic.com

www.burmeseclassic.com



Feeling ဒိုင်ကြောင်များ

ဆိုးကရေးတီးစ်ပြောတယ်
ဘာဖြစ်ဖြစ် မိန်းမယူပါ။
မိန်းမကောင်းရရင် သာယာတဲ့အိမ်ထောင်သုခကို ခံစားရပြီး
မိန်းမဆိုးရရင် တွေးခေါ်ပညာရှင်ဖြစ်လာလိမ့်မယ် တဲ့။

အိုင်းစတိုင်းက ပြောတယ်။
မက်ဒေါနားက အိုင်းစတိုင်းကို
'ရှင်နဲ့ကျွန်မပေါင်းရရင် သိပ်ကောင်းမှာပဲ။ ရှင့်လို





ဉာဏ်ကောင်းပြီး ကျွန်မလိုရုပ်ချောတဲ့ကလေးမွေးမှာ'
အိုင်းစတိုင်းက ပြောတယ်
'မဖြစ်သေးဘူးထင်တယ်။ ငါ့လိုရုပ်ဆိုးပြီး နင့်လို ဉာဏ်ထိုင်းတဲ့ကလေးတွေမွေးလာလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်'

××××××

ကျွန်တော် ပြောတယ်
အိမ်ထောင်သည်တွေက အမြဲတမ်းဘဝသစ်စချင်တယ်တဲ့။ လွယ်ပါတယ်။
'အခုယူထားတဲ့မိန်းမကို ကွာရှင်းလိုက်ပါ။ ပြီးရင် နောက်မိန်းမထပ်ယူလိုက်ပါ။ ဒါဆို ဘဝသစ်စလို့ရပါပြီ'
တကယ်လုပ်ရင် ကိုယ့်ထိုက်နဲ့ကိုယ့်ကံနော်။

××××××

Likes Unlike
☐ ☐
Comment

.......................................................
.......................................................
.......................................................
.......................................................
.......................................................



www.burmeseclassic.com

www.burmeseclassic.com



Feeling မူးလို့ရေးတဲ့စာ။

ဘယ်လိုပဲဖြစ်ပါစေ
ကျွန်တော်ထမင်းပူပူစားရမယ်ဆိုရင်
ဘယ်သူ့မဆို ယူချင်ပါတယ်။
စကားလဲ နည်းနည်းပဲ ပြောပေ့ါ
မိန်းမလည်း ဖြစ်ရမယ်။

××××××

Likes Unlike

Comment





Feeling မူးလို့ရေးတဲ့စာ။

တစ်ယောက်ယောက်ကို ချစ်မိသွားချိန်မှာ
ယောကျ်ားတွေဟာ မနာလိုဖြစ်တတ်တယ်။
ဒါပေမယ့် မိန်းမတွေကတော့ ဒါဟာ မွေးရာပါပဲ။
ဘယ်သူကမှ သူ့ကိုမချစ်လေ မနာလိုပိုဖြစ်လေလေ
ဒါပေမယ့် သူတို့မသိတာက ဘယ်သူမှမချစ်တဲ့မိန်းမကို
ဘယ်သူကမှ မနာလိုမဖြစ်ဘူး။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



Feeling နောက်ထာ

အင်တာနက်ပေါ် နောက်ထားတာပါ။

'ဆရာက ကရင်မဟုတ်ဘူးလား'

'ဟုတ်ပ'

'ဘာကရင်'

'ကတုန်ကရင်'

'ဟင်'

အရက်သောက်များပြီးကတုန်ကရင်ဖြစ်သွားတာ။

××××××

Likes Unlike

Comment





Feeling သာသာယာယာပဲနေ

လူတွေဟာ အတွေးတစ်ခုက စတင်ကြပါတယ်။ ကိုယ့်ရဲ့ အတွေးကိုမှ စကားလုံးအဖြစ်ပြောင်းလဲတတ်ကြပါတယ်။

အဲဒီ ကိုယ်ပြောလိုက်တဲ့ စကားလုံးကို ကိုယ်တိုင်မှန်ကန်ကြောင်း သက်သေပြနိုင်အောင် ပြုမူနေထိုင်ရင်း စကားလုံးကနေ အမူအကျင့်ဖြစ်လာပါတယ်။

အဲဒီ အမူအကျင့်ဟာ ကြာလာတာနဲ့အမျှ အဲဒီလူရဲ့ စရိုက်အဖြစ် ပြောင်းလဲစေပါတယ်။

အဲဒီစရိုက်ဟာသူတို့ရဲ့ ကံကြမ္မာဖြစ်လာပါတော့တယ်။

ဒါကြောင့် ကိုယ့်ရဲ့ကံကြမ္မာ ပြောင်းလဲနိုင်အောင်အတွေးတွေ ပြောင်းလဲဖို့လိုပါတယ်။

ဘာလို့လဲဆိုတော့ကိုယ့်ရဲ့အတွေးတစ်ခုကို ရေရှည်ဆုပ်ကိုင်ထား ခြင်းဟာလွယ်လွယ်ကူကူနဲ့ အစွန်းရောက်ခြင်းကို ပို့ဆောင်သွားလိမ့်မယ်လေ။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



Feeling ချစ်စိတ်ထွာကွာ

အချစ်ကိုစွက ဘာနဲ့တူလဲ ဟုတ်လား။

အချစ်ဆိုတာ လက်ဆောင်ရထားတဲ့ ဖန်ထည်ပစ္စည်းလိုပဲ။

တယုတယထားရင် သိပ်ချစ်စရာကောင်းတယ်။

အလကားရထားတာမို့ တန်ဖိုးမကြီးပေမယ့် နှလုံးသားနဲ့မြင်အောင်ကြည့်ရင် တန်ဖိုးမဖြတ်နိုင်တဲ့ အရာ။

ဒါပေမယ့် ကိုင်တွယ်မတတ်ရင်တော့ ထိလွယ်ကွဲလွယ်တယ်လေ။

ဒါကြောင့်ပြောတာပေါ့ အချစ်စိတ်ဆိုတာငွေပေးဝယ်လို့လဲမရ တောင်းယူလို့လဲမရ လူတိုင်း အလကားလက်ဆောင်ရထားတဲ့ ရောဂါတစ်မျိုး။

xxxxxx

Likes Unlike

Comment





Feeling တေးတေင်း

ယောက်ျားတွေဟာ သူတို့ချစ်လို့ ပေါင်းသင်းနေတဲ့မိန်းမဘာပြောပြော ဘာလုပ်လုပ် သည်းခံနိုင်ကြပါတယ်။ ထင်ရာပြောတာ အိမ်မှုကိစ္စထိ တာဝန်မယူဘဲ ခိုင်းစေတာဖြစ်ဖြစ်ပေါ့။

ဒါပေမယ့်အဲဒီစကားတစ်ခုမပြောမချင်း ရန်ပွဲမစနိုင်ပါဘူး။

ယောက်ျားတွေအများစု သည်းမခံနိုင်တဲ့ စကားတစ်ခုပဲရှိတယ်။

အဲဒါကတော့ 'ရှင့်ထက် ကျွန်မ ဉာဏ်ပိုကောင်းတယ်'ဆိုတာမပြောမိစေနဲ့။

မိန်းမတွေရဲ့အဲဒီစကားကို အင်မတန်ဉာဏ်တုံးတဲ့ယောက်ျားတောင်သည်းမခံနိုင်ဘူး။

xxxxxx

Likes Unlike

Comment

www.burmeseclassic.com

www.burmeseclassic.com



Feeling စိတ်လမ်းကမသန်း

မိန်းမတွေမှာ မသင်ဘဲတတ်တဲ့ပညာတွေရှိတယ်။

မိန်းမတွေဟာ တစ်ယောက်တည်းနေရင် သိပ်ချစ်စရာကောင်းတယ်။

ဘာလို့လဲဆိုတော့ သူတို့ဟာ နောက်မိန်းမတစ်ယောက်နဲ့ မဆုံမချင်းအတင်းမပြောဘူးလေ။

ဒါကို သင်ပေးစရာမလိုဘူး။

အကယ်၍များ အတင်းမပြောတတ်တဲ့ မိန်းမရှိရင် ပြတိုက်ထဲမှာပဲ ထားသင့်တယ်။

ဒီတော့မှ အဲဒီမိန်းမကိုကြည့်ပြီး မိန်းမတွေအတင်းပြောလို့ရမှာ။

××××××

Likes Unlike

Comment





Feeling မချစ်သော်လည်းအောက်ကနမ်းရတဲ့စိတ်လမ်းတွေ

မချစ်ပေမယ့်လဲ အစကတည်းက သည်းခံပေါင်းလာတဲ့ မိန်းမကြီး မပုတုကို ဆိုးလွန်းလို့ ကွာရှင်းပြတ်စဲပြီး အသစ်ရောက်လာတဲ့ အူတူတူလေးနဲ့ပဲ ပေါင်းတော့ မယ်ဆိုကာမှအူတူတူလေးခမျာ အသုံးအဖြုန်းကလဲကြီး။ ဒီကြားထဲ အူတူတူက အူတူတူလုပ်နေတော့ သူတို့ခမျာ ဟိုအရင်ကမိန်းမကြီး မပုတုကိုပဲပြန်ချော ပေါင်းရနိုး ဒါမှမဟုတ် လက်ရှိပေါင်းသင်းနေတဲ့ အူတူတူကိုပဲ သည်းခံပေါင်းရနိုး ဒါမှမဟုတ် နောက်ရောက်လာမယ့် တစ်လီနှောက် ကြီးပဲ စောင့်ရနိုးနဲ့ ကြားတွေကျနေလိုက်တာ။

ဟိဟိ ရယ်ရတယ်။ ရွာမှာဖြစ်နေတာပြောပါတယ်။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



Feeling ကိုယ့်ဝါသနာနဲ့ကိုယ်

မေတ္တာတရားမှာ အလျားအနံမရှိဘူး
အသွားအပြန်ပဲရှိတယ်တဲ့
အဲဒီစကား မှန်မှန်း အခုမှသိတော့တယ်။
ဟုတ်တယ်လေ
ကျွန်တော်တို့ယောကျ်ားတွေက
မိန်းကလေးတွေကို ကြည့်ရင်တောင်
ဘေးဘယ်ညာ 'အလျားအနံ'ကြည့်တာမှမဟုတ်ဘဲ
အပေါ်အောက် 'အသွားအပြန်'ပဲ ကြည့်ကြတာလေ။

xxxxxx

Likes Unlike

Comment



Feeling လိမ်တွားတယ်

တကယ်မဟုတ်ဘူးလို့ မပြောလိုက်ပါနဲ့
မိုးတွေရွာနေတာရယ်
ငါမင်းကို သတိရနေတာရယ်
တကယ်မဟုတ်ဘူးလို့ မပြောလိုက်ပါနဲ့။
တစ်ခါတစ်ခါ မင်းဖျားတတ်တာရယ်
ငါ မင်းကိုချစ်မိတာရယ်
တကယ်မဟုတ်ဘူးလို့ မပြောလိုက်ပါနဲ့။
တစ်ခါတလေ မင်းအတွက်စိုးရိမ်မိတာရယ်

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့ မနာလိုစိတ်ရယ်
တကယ်မဟုတ်ဘူးလို့ မပြောလိုက်ပါနဲ့။
တကယ်မဟုတ်ဘူးလို့ မပြောလိုက်ပါနဲ့။
တစ်ခါတလေ မင်းလိမ်တတ်တာရယ်
ငါ အလိမ်ခံရတာရယ်
တကယ်မဟုတ်ဘူးလို့ မပြောလိုက်ပါနဲ့။

××××××

Likes Unlike

Comment



Feeling အထာလေးတွေရှိတယ်

ယောက်ျားနဲ့ မိန်းမတွေဟာ
တွေ့စမှာတော့ တူညီတာတွေ ညှိနှိုင်းကြတယ်။
တူညီတာတွေ ညှိနှိုင်းကြရင်း ကြာလာတဲ့အခါ
မတူညီတာတွေ တွေ့လာတယ်။
အဲဒီလို မတူညီတာတွေ နှိုင်းယှဉ်ရင်း
ဆိုတဲ့စိတ်နဲ့ ပြန်တွေးမိကြပြန်ရော။
အဲဒီအချိန်မျိုးမှာ လူအတော်များများ
ဇဝေဇဝါဖြစ်လာကြတယ်။
အဲဒီလိုအချိန်မျိုးမှာ
'ရှင်ဘာလို့ ကျွန်မကိုချစ်တာလဲဟင်'
ဆိုတဲ့ မေးခွန်းမမေးမိစေနဲ့။
ဘာမှချစ်စရာမကောင်းမှန်း သူရိပ်မိသွားရင်
ကိုယ်ပဲ ဒုက္ခရောက်သွားမှာ။

××××××

Likes Unlike

Comment

www.burmeseclassic.com

www.burmeseclassic.com



**Feeling** အတိုး

မိန်းကလေးတွေက
ဘာနဲ့တူသလဲ သိလား။
ဘဏ်နဲ့ တူတယ်ဗျ။
မယုံဘူးလား
ခင်ဗျားတို့က ကိုယ့်ကိုကိုယ်
အပ်နှံလိုက်ဖို့ပဲလိုတယ်
သူတို့က ခင်ဗျားကို
သေချာပေါက်
အတိုးပြန်ထုတ်ပေးလိမ့်မယ်လေ
ကလေး ဖြစ်ဖြစ်ပေါ့။

××××××

Likes Unlike

Comment



**Feeling** ဒုက္ခထရိန်နာ

ယောကျ်ားအတော်များများဟာ
အိမ်ထောင်မပြုသေးမချင်း
ဒုက္ခနဲ့ အသားမကျကြဘူး။
ဒါက ခဏပါပဲ
အိမ်ထောင်ပြုလိုက်တာနဲ့
ဒုက္ခနဲ့ အသားကျသွားတယ်လေ။

××××××

Likes Unlike

Comment

www.burmeseclassic.com

www.burmeseclassic.com



Feeling သူမှမကြွေးတာ

ယောက်ျားအတော်များများဟာ
အိမ်ထောင်ဦးစီးဆိုတာကို
ဂုဏ်ယူချင်ကြတယ်။
မိန်းမလုပ်စာထိုင်မစားချင်ကြဘူး
ဘယ်အချိန်အထိလဲဆို
အဲဒီမိန်းမတွေ
လုပ်မကျွေးမခြင်းအထိ။

xxxxxx

Likes Unlike

Comment





Feeling ကိုယ်တွေ ကိုယ်တွေ

ယောက်ျားတွေဟာ
မိန်းမတစ်ယောက်ကို
တကယ်ချစ်တဲ့အခါ
စံပြအမျိုးသမီးအဖြစ် သတ်မှတ်ပြီး
'နောက်ထပ်ဒီလိုမိန်းကလေးထပ်မတွေ့နိုင်ဘူး'
ဆိုတဲ့စိတ်နဲ့ လက်ထပ်ဖို့ကြိုးစားကြတယ်။
အဲ
လက်ထပ်ပြီးရင်လဲ
စံပြအမျိုးသမီး ထပ်ရှိသေးသလားဆိုပြီး
ထပ်ရှာချင်ကြပြန်ရော။

xxxxxx

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



**Feeling** အထာလေးတွေရှိတယ်

ညီမလေးရေ
အသည်းကွဲတယ်ဆိုတာ
ဝဋ်နာ ကံနာမဟုတ်ဘူးကွယ့်။
ဖြေသိမ့်တတ်ရင်
အာဂန္တုရောဂါ။

အမှားဆိုတာ
လူတိုင်းကျူးလွန်တဲ့ အမှန်တရားပဲကွယ်
မှားစမ်းပါစေ
လောကကို သင်ယူခြင်းမရှိသူကမှ
မှားတတ်တာ လေ။





အတိတ်ကာလ နာကြည်းစရာကို
ကိုယ်တိုင်သယ်ဆောင်ပြီး
အနာဂတ်မှာ ပုန်းနေမှာလား
မလိုအပ်တာတွေကို မေ့ပစ်ပါ။

လောကကို သင်ယူပါ။
ပြတင်းတံခါးအသစ်ကို ဖွင့်လှစ်ပါ။
ပတ်ဝန်းကျင်အသစ်မှာ နေထိုင်ပါ။
ဒီကမ္ဘာမှာ မင်းအလှဆုံးဆိုတာ
လူတွေမသိလိုက်မှာ
ငါစိုးရိမ်မိရဲ့. . . ။

xxxxxx

Likes Unlike

☐ ☐

Comment

| |
|---|
| ............................................................ |
| ............................................................ |
| ............................................................ |
| ............................................................ |
| ............................................................ |

www.burmeseclassic.com

www.burmeseclassic.com



Feeling အကြောင်းပြချက်များမလိုဘူး

တစ်ယောက်ကိုတစ်ယောက်

မချစ်ပဲလက်ထပ်တာဟာ

ကွာရှင်းဖို့အတွက် အကြောင်းပြချက်ပါ

တစ်ခါထဲပါလာသလိုပဲ။

××××××

Likes Unlike

Comment

..........................................................................

..........................................................................

..........................................................................

..........................................................................

..........................................................................



Feeling ကြုပ်ကြုပ်စဉ်းစား

အချစ်နဲ့ မိုးလေဝသဟာ

ခန့်မှန်းရအခက်ဆုံး။

ဒါကြောင့် မနက်ဖြန်အတွက်

အမှန်တရားသိချင်ရင်

သဘက်ခါကျမှဆုံးဖြတ်။

××××××

Likes Unlike

Comment

..........................................................................

..........................................................................

..........................................................................

..........................................................................

..........................................................................

www.burmeseclassic.com

www.burmeseclassic.com



Feeling ဒါဖတ်ပြီးမှ ဘဝင်လေဟတ်

အသက်ကြီးကြီးယောက်ျားတစ်ယောက်
ကိုယ့်နောက်ပြေးလိုက်တိုင်း
ကြောက်စရာသိပ်မလိုဘူး
ကိုယ့်ကိုမှီချင်လို့တောင်
ဟုတ်ချင်မှဟုတ်မယ်။
သူ့ဖာသာသူပြေးနိုင်သေးလား
စမ်းသပ်နေတာပဲဖြစ်နိုင်တယ်။

××××××

Likes Unlike

☐ ☐

Comment

..................................................

..................................................

..................................................

..................................................

..................................................





Feeling ကြပ်ကြပ်စဉ်းစား

အချစ်ကိစ္စနဲ့ သဘောထားကွဲလွဲပြီး
ငြင်းခုန်နေကြတာဟာ အမှန်တော့
ရောင်းသူသာရှိပြီး ဝယ်သူမရှိတဲ့
ဘာသာစကားလိုပဲ
အင်မတန်ရယ်စရာကောင်းတယ်။

××××××

Likes Unlike

☐ ☐

Comment

..................................................

..................................................

..................................................

..................................................

..................................................



www.burmeseclassic.com

www.burmeseclassic.com



Feeling လူပျိုကြီးခါတ်စာ

မိန်းမမယူပဲ သရဲဘောကြောင်တာ

လူပျိုကြီးလုပ်ဖို့သတ္တိရှိတယ်လို့

ရဲရဲကြီးယူဆလိုက်ပါ။

ဒါဆိုရင် ခင်ဗျားတို့ ခေါင်းမော့ပြီး

နေသာထိုင်သာရှိသွားလိမ့်မယ်။

××××××

Likes Unlike

Comment





Feeling ရှောမနိုတ်

မိန်းကလေးတွေရဲ့အတွင်းသား

အလှကို မြင်ချင်ရင်

စာတော်အောင်ကြိုးစားလေ. . .

ဆရာဝန်ဖြစ်ရင်သူတို့ကိုယ်တိုင်ခင်ဗျားရှေ့

လာချွတ်ပြလိမ့်မှာ။

အဲ. . . . ဒါပေမဲ့ ယောက်ျားတွေလဲပါမှာနော်။

××××××

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



Feeling အိပ်မပျော်မတကြီး

လူတွေဟာတစ်ယောက်နဲ့တစ်ယောက်ချစ်ရင်
တရားဝင်လူသိရှင်ကြား
လက်ထပ်ချင်ကြတယ်လေ။
အမှန်တော့ လက်ထပ်စာချုပ်ဆိုတာ
ယောကျ်ားတွေအတွက်
အပြင်ကိုလွတ်လပ်စွာမထွက်ရ
ခံဝန်ချုပ်
မိန်းကလေးတွေအတွက်တော့
တရားဝင်ချုပ်ချယ်ခွင့်စာချုပ်။

××××××

Likes Unlike

Comment





Feeling သနားတယ်

လက်ထပ်တယ်ဆိုတာ
လူမှုအသိုင်းအဝိုင်းက
တရားဝင်ခွင့်ပြုထားတဲ့
တစ်ခုထဲသောကျွန်စနစ်

××××××

Likes Unlike

Comment

www.burmeseclassic.com



Feeling တလွဲဆံပင်ကောင်း

ယောက်ျားတွေ အိမ်ထောင်ပြုပြီး

ဘာစိတ်အညစ်ဆုံးလဲသိလား။

လက်မထပ်ခင်ကပေးခဲ့တဲ့ကတိအားလုံး

အဲဒီမိန်းမသတိရနေသေးတာ။

××××××

Likes Unlike

Comment



Feeling သေခြာပေါက်

တခါတလေ ချစ်သူရည်းစားထားဖို့

မိန်းကလေးတစ်ယောက်ရဲ့အချစ်ကိုရဖို့

ကြိုးပမ်းရတာနဲ့စာရင်

လက်ထပ်စာချုပ်ဝယ်လိုက်တာက

ပိုလွယ်ကူတယ်။

××××××

Likes Unlike

Comment

www.burmeseclassic.com

www.burmeseclassic.com



Feeling တရားနဲ့သာဖြေပါတော့

ယောက်ျားတွေက သူတို့မိန်းမကို
တကယ်ချစ်ရင်
ခါးမရှိတာကို သတိမထားဘူး
"အော် လည်ပင်းတော့ရှိသား"
ဆိုပြီးနှစ်သိမ့်ကြတယ်လေ။

××××××

Likes Unlike

Comment



Feeling ဉာဏ်ကြီးရှင်ဖြစ်လိုသော်

ယောက်ျားတွေဘယ်လောက်ဉာဏ်ကောင်းကောင်း
ဘယ်လောက်ပဲတော်နေပါစေ။
မိန်းကလေးတွေကသူတို့ရှေ့မှာမမြင်မယုံကြည်ကြဘူး။
ဒါပေမယ့် မိန်းကလေးတွေကယောက်ျားတွေကို
ဘယ်အချိန်မှာ ဉာဏ်အကောင်းဆုံးလို့
အသိအမှတ်ပြုလဲသိလား။
သူတို့ကို အလိုလိုက်လေလေ သူတို့အမြင်မှာခင်ဗျားဟာ
ဉာဏ်ပိုကောင်းလေလေ။

××××××

Likes Unlike

Comment

www.burmeseclassic.com

www.burmeseclassic.com



Feeling တရားနဲ့သာဖြေပါတော့

မိန်းကလေးတွေရဲ့မျက်လုံးမှာ
အချစ်စိတ်သာဖုံးသွားရင်
အန္တရာယ်ဆိုတာကိုတောင်
လျစ်လျူရှုနိုင်ကြတယ်၊
စဉ်းစားကြည့်လေ။
ယောကျ်ားလေးက နှင်းဆီပန်းပေးရင်
ပါလာတဲ့ အန္တရယ်ရှိနိုင်တဲ့ဆူးတွေရဲ့ဈေး
ဘယ်မိန်းမမှ မမေးဘူး။

××××××

Likes ☐ Unlike ☐

Comment

..............................................................................

..............................................................................

..............................................................................

..............................................................................

..............................................................................



Feeling ဘဲကြီးဘာကြီးလဲပေါ့

အသက်ကြီးတဲ့လူတစ်ယောက်ကို
ဘယ်သူကမှ သတိမထားမိကြတော့ဘူး။
ဒါပေမယ့် မိန်းမငယ်ငယ်လေးယူလိုက်ကြည့်
အားလုံးပြန်ပြီး သတိထားမိကြလိမ့်မယ်။

××××××

Likes ☐ Unlike ☐

Comment

..............................................................................

..............................................................................

..............................................................................

..............................................................................

..............................................................................

www.burmeseclassic.com

www.burmeseclassic.com



**Feeling** အားကိုးပါ အားကိုးပါ

အသက်ကြီးမှ မိန်းမငယ်ငယ်လေးယူတာ. . .

မျက်စေ့မှုံနေပြီးမှ သူများကို ဖတ်ပြဖို့

စာအုပ်ဝယ်လိုက်သလိုမျိုး

လူအထင်ကြီးအောင်ဖတ်ပြချင်တယ်

ဒါပေမယ့် ကိုယ်တိုင်လဲ

လုံးစေ့ပတ်စေ့ မဖတ်နိုင်ဘူး။

××××××

Likes Unlike

☐ ☐

Comment

............................................................................................................

............................................................................................................

............................................................................................................

............................................................................................................

............................................................................................................





**Feeling** သက်မဲ့ သက်သေ

မှန်ဆိုတာ ကမ္ဘာပေါ်မှ

မိန်းမငယ်ငယ်ကလေးတွေချည်း

ရှိနေတယ်လို့ထင်နေတဲ့

တစ်ခုထဲသောသက်မဲ့သက်သေ။

ဘာလို့လဲဆိုတော့

အသက်ကြီးကြီးမိန်းမတွေ

သူ့ရှေ့မှာ သိပ်မတွေ့ဖူးလို့လေ။

××××××

Likes Unlike

☐ ☐

Comment

............................................................................................................

............................................................................................................

............................................................................................................

............................................................................................................

............................................................................................................

www.burmeseclassic.com

www.burmeseclassic.com



Feeling နာရေး

အချစ်ကိုစွန့်ဆိုရင်

ကတိပေးချင်ရင်

အကောင်းဆုံးကတော့

သေလိုက်ဖို့သာကတိပေးပါ။

ကျန်တာအားလုံး ကျန်တဲ့သူတွေ

တာဝန်ယူကြပါလိမ့်မယ်။

××××××

Likes Unlike

Comment



Feeling ခွင့်ပြုတယ် ခွင့်လွှတ်တယ်

ယောက်ျားတွေဟာ မိန်းကလေးတွေကို

ချစ်ခင်စမှာမျက်စေ့အောက်ကတောင်

အပျောက်မခံနိုင်ဘူး။

အိမ်ထောင်ကျသွားရင်လဲ

ဒီလိုမျိုးစိတ်တော့ရှိကြပါသေးတယ်. . .

အဲ. . ဒါပေမယ့်အိမ်ထောင်ကျပြီးလို့

မိန်းမဖြစ်သူက မိခင်အိမ်ပြန်မယ်ဆိုရင်

ဘယ်လောက်ကြာကြာ ကြာချင်သလောက်ကြာပါစေ

ခွင့်လွှတ်ကြတယ်လေ။

××××××

Likes Unlike

Comment

www.burmeseclassic.com



**Feeling** ကျွတ်စကီးကြီး

လောကမှာ တန်ဖိုးအမြင့်ဆုံးနေတာ

မိန်းကလေးတွေပါပဲ။

ကမ္ဘာပေါ်မှာ ရှိရှိသမျှ

သယံဇာတထက်ကို မိန်းမတွေက

ပိုတန်ဖိုးရှိတယ်။

အဲ. . . သူတို့ထက်တန်ဖိုးကြီးတာဆိုလို့

သူတို့အဝတ်အစားပဲရှိတော့တယ်။

××××××

Likes Unlike

Comment





**Feeling** မကောင်းမြင်သမား

မိန်းကလေးတွေကိုဘယ်တော့မှ

မကောင်းမပြောဘူး။

အင်မတန်မကောင်းပြောတတ်တဲ့

ကျွန်တော်တောင်

သူတို့မကောင်းမှန်းသိရင်တောင်

မကောင်းမပြောဘူး။

××××××

Likes Unlike

Comment



www.burmeseclassic.com

**Feeling** ခက်ခဲသော

ဘယ်သူမဆိုအချိန်တစ်ခုရောက်ရင်
ချစ်တဲ့သူနဲ့အတူနေချင်ကြတာပါဘဲ။
ချစ်သူနဲ့သာအတူနေရရင်ဘဝဟာ
ပြီးပြည့်စုံနိုင်လိမ့်မယ်လို့ထင်ကြတယ်။
ဒါကြောင့်ချစ်တဲ့သူနဲ့အတူနေနိုင်ဖို့
အသည်းအသန်ကြိုးစားကြတာပေါ့။
အတူလဲနေထိုင်ကြတာပေါ့။
ဒါပေမယ့်ကြာလာတဲ့အခါ
ချစ်တဲသူနဲ့အတူနေဖို့ထက်
အတူနေတဲ့သူကိုချစ်ရတာ
ပိုခက်ခက်လာတယ်လေ။

Likes ☐ Unlike ☐

Comment ××××××

.......................................................................
.......................................................................
.......................................................................
.......................................................................
.......................................................................



**Feeling** တို့အရေး

မိန်းကလေးတွေက
တစ်ခါတစ်လေတော့လဲ
အတော်ခက်တယ်။
သူတို့သာတောင်းဆိုခွင့်ရှိရင်
ခြေသည်းကအစသူတို့မိဘများ
လိုအပ်ချက်အဆုံး တောင်းဆိုလို့ကိုဆုံးမှာမဟုတ်ဘူး။
ယောကျ်ားလေးတွေကတော့အဲဒီလိုမဟုတ်ဘူး။
တောင်းဆိုခွင့်သာရရင်အချက်ကလေးသုံးချက်ပဲ
တောင်းဆိုချင်ကြတာများပါတယ်
အဲဒါက မိန်းကလေးတွေအတွက်လဲ
ဘာမှနစ်နာစရာမရှိပါဘူး။

Likes ☐ Unlike ☐

Comment ××××××

.......................................................................
.......................................................................
.......................................................................
.......................................................................
.......................................................................

www.burmeseclassic.com

www.burmeseclassic.com



**Feeling** တို့အရေး

ယောကျ်ားတွေက တောင်းဆိုချင်ဆုံးသုံးခုက

၁။ အရက်သောက်ခွင့်

၂။ မိန်းမရှုပ်ခွင့်

၃။ တာဝန်မယူ

ဒါလေးပဲဗျာ

အဲဒါကိုလက်မခံနိုင်ဘူးတဲ့။

အဲဒါကြောင့်ပြောတာ။

မိန်းကလေးတွေက တစ်ခါတလေတော့

အတော်ခက်တယ်။

××××××

Likes Unlike

☐ ☐

Comment

..................................................

..................................................

..................................................

..................................................

..................................................





**Feeling** နိုးပြီ

လူပျိုကြီးဆိုတာ

အကာအကွယ်မဲ့တဲ့သတ္တဝါ

ချိုတော့ပါတယ်

ထိရောက်အောင်မဖွေ့တတ်ဘူး။

အပျိုကြီးတွေက ပိုဆိုးသေး။

ချိုလဲမပါဘူး။

တစ်ချိန်လုံးလဲလန့်ပြေးနေတာ။

××××××

Likes Unlike

☐ ☐

Comment

..................................................

..................................................

..................................................

..................................................

..................................................

www.burmeseclassic.com

www.burmeseclassic.com



**Feeling** အမှတ်တမဲ့ဖြစ်အောင်

ချစ်သူမိန်းကလေးတစ်ယောက်ကို
နမ်းရမလား၊ မနမ်းရဘူးလား
ဝေခွဲမရဖြစ်နေရင်
လိုလိုမယ်မယ်နမ်းသာနမ်းလိုက်ပါ။
ဘာလို့လဲဆိုတော့
မိန်းကလေးတွေရဲ့စရိုက်ကိုက
သူတို့ကိုလုပ်လိုက်တာကို
အမှတ်မရကြတော့ပေမယ့်
မလုပ်ပေးခဲ့တာမှန်သမျှ
အမှတ်ရနေတတ်ကြတယ်လေ။

xxxxxx

Likes Unlike

☐ ☐

Comment

..................................................................

..................................................................

..................................................................

..................................................................

..................................................................





**Feeling** ပြင်မနေနဲ့

ပျက်အစဉ်ပြင်ခဏဆိုတဲ့စကား
မကြာခဏကြားဖူးကြမှာပါ။
ဘယ်အရာမဆို ပျက်နေတာမှန်သမျှ
အချိန်ကာတိုအတွင်း
ပြင်ဆင်လို့ရပါတယ်။
ဒါပေမယ့်
အသက်ကြီးကြီးမိန်းမကြီးတွေရဲ့
မျက်မှာပေါ်နေတဲ့အရေးအကြောင်းတွေကတော့
ပြင်လဲခဏပါပဲပေါ့။

xxxxx မိန်းကလေးတွေနဲ့စရင်

Likes Unlike

☐ ☐

Comment

..................................................................

..................................................................

..................................................................

..................................................................

..................................................................

www.burmeseclassic.com

www.burmeseclassic.com



**Feeling** အသစ်ရှာများပါ

ယောက်ျားလေးတွေက

အများတွေ့ပိုလုပ်တတ်ကြပါတယ်။

ဘယ်လိုအများမျိုးပဲဖြစ်ဖြစ်

ကျူးလွန်မိခဲ့ပါစေ

ခွင့်လွှတ်လို့ရနိုင်ပါတယ်။

ဒါပေမယ့်

အရေးကြီးဆုံးက

အရင်အမျိုးသမီးတွေနဲ့

အရင်အများမျိုးပြန်ပြီး

မကျူးလွန်းမိဖို့တော့

ပိုအရေးကြီးပါတယ်။

××××××

Likes Unlike

Comment



**Feeling** စိတ်ပါပဲ မောင်တင်ကြည်

မိန်းကလေးတွေမှာ

ရုပ်ရည်ချောမောဖို့လိုတယ်

ဆိုတာဘယ်သူတွေသတ်မှတ်လဲသိလား။

ယောက်ျားတွေရဲ့စိတ်ပေါ့။

××××××

Likes Unlike

Comment

www.burmeseclassic.com

www.burmeseclassic.com



Feeling လိပ်ဥတူးခြင်း

ချစ်သူရည်စားကို
ချစ်စကားပြောတဲ့အခါ
သူနားမလည်တာတွေကို
မပြောမိစေနဲ့။
တကယ်လို့ပြောချင်ရင်တောင်
ဒီအတိုင်းစကားအတိုင်းမပြောနဲ့
သံစဉ်ထည့်ပြီး သီချင်းလုပ်ဆိုလိုက်
ခေတ်ပေါ် သီချင်းတစ်ပုဒ်အနေနဲ့
သူကြိုက်ချင်ကြိုက်သွားလိမ့်မယ်။

××××××

Likes Unlike

☐ ☐

Comment

..........................................................
..........................................................
..........................................................
..........................................................
..........................................................





Feeling ကိုင်း ကောပြန်ပြီ

မိန်းမတစ်ယောက်ရဲ့အချစ်ကိုရဖို့
တန်းစီနေရမယ်ဆိုရင်
သမဝါယမဆိုင်မှာ
ဆပ်ပြာသွားတိုးတာကမှ
တန်ဖိုးရှိဦးမယ်။

××××××

Likes Unlike

☐ ☐

Comment

..........................................................
..........................................................
..........................................................
..........................................................
..........................................................



www.burmeseclassic.com

www.burmeseclassic.com



Feeling မိုက်မဲ

တစ်ခါတလေမှာ

လူတွေရဲ့အသိဉာဏ်ဟာ

တိရိစ္ဆာန်တွေထက် ပိုမိုမိုက်မဲတတ်ကြတယ်။

လူတွေကအနုမြူကိုတီထွင်သတဲ့။

ကြွက်တေဘယ်တော့မှ ကြွက်ထောင်ချောက်

မတီထွင်ဖူးဘူး။

xxxxxx

Likes Unlike

Comment





Feeling ရိုးရိုးချစ်

အချစ်တစ်ခုကို အလျှင်အမြန်ရဖို့

လူတွေကကြိုးစားတတ်ကြတယ်။

အမှန်တော့ အလျင်လိုစရာမလိုပါဘူး။

တစ်ခါတလေ ရိုးရှင်းစွာ

တက်လှမ်းတာကလဲ

အမှန်တရားပါပဲ။

စဉ်းစားကြည့်လေ. . .

ရိုးရိုးလှေခါးနဲ့စာရင်

စက်လှေကားက ပိုပျက်ကြတာချည်း။

xxxxxx

Likes Unlike

Comment



www.burmeseclassic.com

www.burmeseclassic.com



Feeling ဗဟုနဲ့သုတနဲ့

ယောကျ်ားတွေဟာ မိန်းကလေးတွေနဲ့ပတ်သက်တဲ့

ဗဟုသုတဘယ်ကရလဲသိလား၊

သူတို့ဟာ မိန်းကလေးတွေနဲ့ပေါင်းပြီး

မိန်းကလေးတွေအကြောင်း

ဘာမှမသိဘူးဆိုတာ

သိလာကြရင်း ဗဟုသုတတိုးလာကြတာ။

××××××

Likes Unlike

Comment



Feeling မဖတ်ရသေးရင်အသစ်ပဲ

အချစ်ကိစ္စဟာ ဘာနဲ့တူလဲသိလား

စာအုပ်သစ် တစ်အုပ်ပဲ။

ဒါပေမယ့်တစ်ခုတော့ရှိတာပေါ့လေ။

တချို့စာအုပ်တွေက

ဘယ်သူမှ ဖွင့်မဖတ်ရသေးဘူး။

တချို့စာအုပ်တွေက

ကိုယ်မဖတ်ရသေးလို့ အသစ်ဆိုပေမယ့်

တခြားသူတွေဖတ်ထားတာ

ကြေမွနေပြီလေ။

××××××

Likes Unlike

Comment

www.burmeseclassic.com

www.burmeseclassic.com



**Feeling** အကြံပေးတယ်နော်

အသည်းခွဲခံလိုက်ရတဲ့ မိန်းကလေးတွေက
စိတ်ပိုင်းဆိုင်ရာခံစားချက်ကြောင့်ရုပ်ပိုင်းဆိုင်ရာကို
ထိခိုက်ပျက်စီးသွားတတ်ကြတယ်။
အမှန်တော့ အဲဒီလိုမဟုတ်ဘူး။
အသည်းခွဲခံရတဲ့ မိန်းကလေးက
ပိုပြီးလှပအောင်နေတတ်ရတယ်။
ဒါမှလဲ လူယုတ်မာတွေတောင်
နောင်တရကြမှာလေ။

Likes ☐ Unlike ☐ ××××××

Comment

........................................................................

........................................................................

........................................................................

........................................................................

........................................................................





**Feeling** များသွားပြီ

လူတွေရဲ့စိတ်ကိုက
ကိုယ့်ချစ်သူကကိုယ့်ကို
တအားချစ်တယ်ဆိုရင်
အမျိုးမျိုးသောတောင်းဆိုမှု
အနိုင်ကျင့်မှုတွေရှိတတ်ကြတယ်။
ဒါကြောင့်ပဲလိုက်လျောနိုင်နိုင်မှုထက်
ပိုသွားရင် ဆိုးကျိုးတွေ
ရှိကနိုင်တယ်။
အမှန်တော့ ကိုယ့်ကိုချစ်တဲ့
အချစ်ရဲ့တန်ဖိုးကိုသိရင်
ဈေးမဆစ်တာကောင်းတယ်။

Likes ☐ Unlike ☐

Comment ××××××

........................................................................

........................................................................

........................................................................

........................................................................

........................................................................



www.burmeseclassic.com

www.burmeseclassic.com



Feeling ကျွတ်ဆင်

မိန်းကလေးတွေကို
အားနွဲ့သူဆိုပြီး အထင်မသေးနဲ့.
ဒီခေတ်မှာ
အားနွဲ့သူတွေက
ပိုပြီးအင်အားများတယ်။

××××××

Likes Unlike

Comment



Feeling အတွင်းထဲရဲ့ အပြင်မကာဖို့

တချို့တွေက အိမ်ထောင်ကျပြီးရင်
ကိုယ့်ရဲအိမ်တွင်းရေးကိစ္စတွေကို
အပြင်ယူထုတ်ကြတာများတယ်။
ဒီအခါပတ်ဝန်းကျင်ရဲ့ရိုက်ခတ်မှုကြောင့်
သေးငယ်တဲ့ကိစ္စတွေဟာ
ပိုကြီးမားနိုင်တယ်။
အမှန်တော့
လင်မယားတွေရဲ့စောင့်ထိမ်းသင့်တဲ့
သစ္စာတရားဆိုတာ
အိမ်မှာပဲသိမ်းထားသင့်တယ်လေ။

Likes Unlike

××××××

Comment

www.burmeseclassic.com

www.burmeseclassic.com



Feeling တုံးဆေးကြီး

ဘာမှမဖတ်ပါနဲ့

အဲဒါဆိုရင်ခင်ဗျားက

သတင်းစာတစ်မျိုးထဲဖတ်တဲ့လူထက်

ဉာဏ်ပိုကောင်းလိမ့်မယ်။

××××××

Likes Unlike

Comment

..........

..........

..........

..........

..........



Feeling အောင်မြင်ရေး အောင်မြင်ရေး

ဘဝကိုအောင်မြင်တိုးတက်အောင်ကြိုးစားချင်ရင်

မိန်းမချောလေးတွေကို အရင်မရှာပါနဲ့

မိန်းမချောလေးတွေဆိုတာ

အချိန်နဲ့ပိုက်ဆံကိုသိပ်ဖြုန်းနိုင်တာပဲသိလား။

××××××

Likes Unlike

Comment

..........

..........

..........

..........

..........

www.burmeseclassic.com

www.burmeseclassic.com



Feeling ဝိုင်ပဲရွေးမယ်

အချစ်နဲ့မေတ္တာဘာကွာသလဲသိလား
အချစ်စိတ်ဆိုတာ "ဝိုင်" လိုပဲ။
အမျိုးအစားကောင်းလေလေ။
ပိုချိုမြိန်လေလေ။
မေတ္တာကတော့ ရေနဲ့တူတယ်။
ဒါပေမယ့်
ရေကိုတော့ လူတိုင်းသောက်တယ်။

××××××

Likes Unlike

Comment

..............................................................

..............................................................

..............................................................

..............................................................

..............................................................



Feeling သုံးကြပါလေ

တချို့ကလဲအချစ်ဆိုတာ
ကိုယ်ချစ်နေရရင် ပြီးရောလို့
ထင်နေကြတယ်။
အမှန်တော့
အချစ်ဆိုတာကြော်ငြာဖို့လဲလိုတယ်လေ။
ကြော်ငြာကောင်းလေလေ၊ လူသိများလေလေ။
လူသိများလေလေ လူသုံးများလေလေ။

××××××

Likes Unlike

Comment

..............................................................

..............................................................

..............................................................

..............................................................

..............................................................

www.burmeseclassic.com

www.burmeseclassic.com



## Feeling ကိုယ်တွေ့

အချစ်ကိစ္စနဲ့ ပတ်သက်ပြီး

အင်မတန်လှပတဲ့စကားလုံး

သုံးနေပြီဆို၊ သေချာတယ်

သူ့အဲဒီစကားလုံးကို

တစ်ယောက်ယောက်ဆီက

ခိုးယူရတာ။

××××××

Likes Unlike

Comment

............................................................

............................................................

............................................................

............................................................

............................................................



## Feeling ညီမလေးရေ (၁)

ညီမလေးရေ

အသည်းကွဲတယ်ဆိုတာ

ဝဋ်နာကံနာမဟုတ်ဘူးကွဲ့။

ဖြေသိမ့်တတ်ရင် အာဂန္တုရောဂါ

အမှားဆိုတာ လူတိုင်းကျူးလွန်တတ်တဲ့

အမှန်တရားပဲကွယ်။

မှားစမ်းပါစေ

လောကကို သင်ယူခြင်းမရှိသူကမှ

မမှားတတ်တာလေ။

www.burmeseclassic.com



အတိတ်ကာလကနာကျည်းစရာကို
ကိုယ်တိုင်သယ်ဆောင်ပြီး
အနာဂါတ်မှာပုန်းနေမှလား။
မလိုအပ်တာတွေကိုမေ့ပစ်ပါ။
လောကကိုသင်ယူပါ။
ပြတင်းတံခါးအသစ်ကိုဖွင့်လှစ်ပါ။
ပတ်ဝန်းကျင်အသစ်မှာနေထိုင်ပါ။
ဒီကမ္ဘာမှာ မင်းအလှဆုံးဆိုတာ
လူတွေမသိလိုက်မှာ
ငါစိုးရိမ်မိရဲ့။

××××××

Likes Unlike

☐ ☐

Comment

..........................................................................

..........................................................................

..........................................................................

..........................................................................

..........................................................................





## Feeling ညီမလေးရေ (၂)

ညီမလေးရေ
ဘယ်လောက်ပဲဝေးနေပါစေ
နှလုံးသားနီးရင် အရာရာကိုမြင်နိုင်သတဲ့။
လူတွေက ကြယ်တွေကိုမြင်ရသလို
ကြယ်စင်တွေကလည်း
လူတွေကိုမြင်ရတာပေါ့။
ဒါကြောင့် ကိုယ့်ရဲ့သိမ်ငယ်စိတ်ကို
ဘယ်သူမှ မမြင်နိုင်ဘူး မထင်ပါနဲ့။
အရာရာစူးစမ်းစိတ်နဲ့ ကြည့်တတ်တဲ့
ကြယ်လေးလေတွေက မြင်တွေ့နေသတဲ့။
ညီမလေးရေ
အောင်မြင်မှုမရတိုင်း ရှုံးနိမ့်တယ်လို့
မထင်ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ ခက်ခဲတဲ့အရာပိုလှပတာ

သဘာဝပါဘဲ။

နှလုံးသားကိုသင်ယူပါ။

ဘဝမှာ ပျော်ရွှင်စွာနေပါ။

ပြီးတော့လူတိုင်းကိုပြုံးပြလိုက်ပါ။

ကြည့်စမ်း လောကကြယ်စင်ကလေးရယ်

ဒီကမ္ဘာမှာ မင်းအလှဆုံးပါပဲ။

လေးစားစွာကြိုးစားလျက်

အကြည်တော်

Likes Unlike

Comment



www.burmeseclassic.com